# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့။ Saturday, 14 May 2022 ၁၀၇၃၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကုန်စည်ကူးသန်းမည့် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ပြန်လည်ဖွင့်လှစ်

**တာချီလိတ် မေ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ယနေ့ နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ကျိုင်းလပ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးထွေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံ တာ့ခ်ခရိုင်မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး Mr. Houmphan Chanthavong ဦးဆောင်သည့်အဖွဲ့တို့က ချစ်ကြည်ရေးတံတားပေါ်၌ နှစ်နိုင်ငံတွေ့ဆုံ၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော် ဦးဆောင်သည့် ကျန်းမာရေး၊ အကောက်ခွန်၊ လဝက၊ ကုန်သွယ်ရေး၊ ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာဘက်ကမ်း ချက်ပွိုင့်၌

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻





**ယနေ့ ဖတ်စရာ**

## သတိပြုရမည့် စိတ်ခတ်စစ်ဆင်ရေး စစ်ပွဲနှင့် သတင်းအတု၊ သတင်းအမှားများ၏ အန္တရာယ်

ဆောင်းပါး စာမျက်နှာ » ၆

## ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲ အတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၈ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂



## အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး ပြောကြား

စာမျက်နှာ » ၁၃

## ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း

စာမျက်နှာ » ၁၆

သိပ္ပံမောင်ဝ၏ ဝတ္ထုတို

## ဘောလုံးပွဲ

စာမျက်နှာ » ၁၇

## လေ့လာစရာအင်္ဂလိပ်စာ

စာမျက်နှာ » ၁၈၊ ၁၉

ကြေးမုံ

# ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်

မြန်မာတို့၏ ၁၂ လရာသီတွင် ကဆုန်လသည် အပူဆုံးလတစ်လဖြစ်သည်။ မြန်မာတို့၏ ဆိုရိုးစကားအရ တန်ခူး- ကဆုန် ဆွေ့ဆွေ့ခုန်လောက်အောင် ပူပြင်းပါသည်။ အပူဆုံးလတွင် မြတ်ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ကိုယ်ပွား ပရိဘောဂစေတီထိုက်သော ဗောဓိပင်တွင် ရေစင်ရေအေး သွန်းလောင်းပေး၍ နှလုံးစိတ်ဝမ်းအေးချမ်းသာယာအောင် ဆောင်ကြဉ်းရမည်ဖြစ်သည်။

ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် အစဉ်အလာအားဖြင့် ပြုလုပ်ကြသော ဝိသေသလက္ခဏာမှာ ညောင်ရေသွန်းလောင်းခြင်းဖြစ်သည့်အပြင် မြတ်ဗုဒ္ဓ၏ ထူးခြားသော အနှစ်သာရများကိုလည်း ရည်မှန်းပူဇော်ကာ ကောင်းမှုကုသိုလ်များ ပြုလုပ်သင့်ကြပေသည်။ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ပူဇော်ထိုက်သည့် ဖြစ်စဉ်လေးရပ်ရှိသည်။ မြတ်ဗုဒ္ဓ၏ ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဟူ၍ နေ့ထူးလေးရပ်ရှိပါသည်။ မြတ်ဗုဒ္ဓ၏ ဖြစ်စဉ်တော်တွင် အစအလယ်အဆုံး ပါဝင်နေသည့် ဤနေ့ဤရက်သည် အထူးမြတ်ဆုံးနေ့ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ကဆုန်လပြည့်နေ့ကို "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်၊ မြတ်နိဗ္ဗာန်"ဟူ၍ အမှတ်အသားပြုကြပါသည်။ ယင်းကို အားလုံးပေါင်းစု၍ "ကဆုန်လပြည့် ဗုဒ္ဓနေ့"ဟု သတ်မှတ်မှုပြုကြပါသည်။ ဤနေ့တွင် မြန်မာပြည်၌သာမက အခြားထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ၊ မြတ်ဗုဒ္ဓကို ယုံကြည်ဆည်းကပ်ကြည်ညိုကော်ရော်သော ကမ္ဘာတစ်ဝန်းရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးတို့က ကောင်းမှုကုသိုလ် ပူဇော်ထူးကို ပြုလုပ်ကြသည်။

ယနေ့အချိန်အခါတွင် ညောင်ရေသွန်းပွဲတော်ကဲ့သို့ အလားတူကောင်းမှုအထူးများသည် အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် ရှေးယခင်နှင့်မတူအားနည်းသွားသည်ဟု ယူဆရပါသည်။ ထို့ကြောင့် အပူဆုံးကာလကဆုန်လတွင် သစ်ပင်ပန်းမန်တို့ အပူရှိန်ကြောင့် ခြောက်သွေ့ကြရာ ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်း၍ ပြန်လည်လန်းဆန်းလာသကဲ့သို့ မြတ်ဗုဒ္ဓ၏ နေ့ထူးရက်မြတ်များ၌ အစဉ်အလာအားဖြင့် ပြုလုပ်လေ့ရှိသည့် ထုံးတမ်းဓလေ့များကို ပေါင်းရုံးညီညာစုပေါင်းကာဖြင့် ပြုလုပ်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများဝေဆာလာပြီး အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကိုယ်စားပြုသည့် ဗောဓိရွှေညောင်ပင်ကြီး အညွန့်တလူလူဝေပြီး စိမ်းစိုလန်းဆန်းနေစေရေးအတွက် ကဆုန်လပြည့်နေ့တွင် စုပေါင်းညီညာ ရေစင်သွန်းလောင်းသကဲ့သို့ ဘာသာသာသနာ အသွေးအသားမခန်းခြောက်အောင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က စုပေါင်းဆောင်ကြဉ်းကြဖို့လိုအပ်ပါသည်။ ဗုဒ္ဓသာသနာကိုကိုယ်စားပြုသည့် ဗောဓိညောင်ပင် အညွန့်တလူလူနေစေဖို့ ယနေ့မှစ၍ အနာဂတ်ကာလတိုင် သာသနာတော်ကို စောင့်ရှောက်ကြမည့် အမျိုးကောင်းသားသမီးများ အစဉ်အဆက်ပေါ်ထွန်းနေစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ယခုအခါတွင် ဘာသာသာသနာကို နှောင့်ယှက်ဖျက်ဆီးနေသော အဓမ္မဝါဒီများပေါ်ပေါက်နေသဖြင့် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗုဒ္ဓသာသနာတော်အပေါ်တွင် ကြည်ညိုစိတ်ရင်း ထိန်းသိမ်းစောင့်ရှောက်ခြင်းများ တိုးပွားလာဖို့ ကြိုးစားကြရမည်ဖြစ်သည်။

အနာဂတ်ကာလတွင် အရာရာကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ၏ အခြေခံစိတ်ရင်းများတွင် မြတ်ဗုဒ္ဓ၏အဆုံးအမများနှင့် ထုံမွမ်းနေသော ကောင်းသောအစဉ်အလာများ လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ရန် လိုအပ်ပါသည်။ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်ကဲ့သို့ ဘာသာရေးကို အခြေခံသည့် ကောင်းသောအစဉ်အလာများကို လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လုပ်ဆောင်လာအောင် စီမံဆောင်ရွက်နိုင်လျှင် လောကပတ်ဝန်းကျင်နှင့် နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။ ကောင်းမှုကုသိုလ်များ ဝေဆာလာမည်ဖြစ်သည်။

ဘာသာရေးကိုအခြေခံသည့် ပွဲတော်များမှတစ်ဆင့် ကောင်းမှုကုသိုလ်များ၊ ဗုဒ္ဓအဆုံးအမများ လွှမ်းခြုံဖြန့်တင်ပေးမှသာလျှင် မျိုးဆက်သစ်လူငယ်များ အချင်းချင်း ရင်းနှီးချစ်ကြည် လက်တွဲပူးပေါင်းပြီး မကောင်းသောခရီးလမ်းများကို ရှောင်ရှားကာ ကောင်းသောခရီးလမ်းများကို ဆက်ကြမည်ဖြစ်သည်။ မကောင်းသောနယ်ပယ်များသို့ မရောက်ကြဘဲ ကောင်းသောနယ်ပယ်များတွင် ပျော်မွေ့လာမည်ဖြစ်သည်။ မိမိတို့မိသားစု၊ မိမိတို့ပတ်ဝန်းကျင်နှင့် မိမိတို့နိုင်ငံတော်ကို အကျိုးပြုမည့် အမျိုးကောင်းသားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကဆုန်လပြည့်ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းပွဲတော်ကဲ့သို့ မြတ်ဗုဒ္ဓနှင့်သက်ဆိုင်ရာ ပွဲတော်များတွင် နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံကာ လူကြီးသူမများသာမက မျိုးဆက်သစ်လူငယ် လူရွယ်များပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းဖြင့် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသောနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ် ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁) ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁) နှစ်သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်အရအရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (သတ္တမနေ့) အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး) သတ္တမနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၆၉၂၀ အနက် ၅၂၄၂ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၇၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၁၄၁ | ၁,၀၈၅,၇၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၇၃၇ | ၁,၉၅၃,၀၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၂ | ၂၁၆,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀၀ | ၁,၀၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၁၃**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၂၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၂.၇၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၂၆၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၆.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၆.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၇.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၃**

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီမှ စီးပွားရေးလုပ်ငန်းအသီးသီးသို့ ချေးငွေထုတ်ပေးခဲ့ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ချေးငွေရယူထားသူများက ပြန်လည်ပေးဆပ်နေမှု၊ ဝဥစိုက်ပျိုးထုတ်လုပ်သူများအတွက် ချေးငွေ ထုတ်ပေးရေး ချင်းပြည်နယ်အစိုးရက တင်ပြလာမှု အပေါ် ချေးငွေထုတ်ပေးမည့်အစီအစဉ်၊ အခြား ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်လျက် ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာ ကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာန အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင် ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ယနေ့ နံနက် ၁၀ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအား ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းဆိုင်ရာကိစ္စ၊ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စ၊ သဘာဝ ဓာတ်ငွေ့နှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာကိစ္စ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ် များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်မတော်သို့ဝင်ရောက်စဉ် အသက်(၁၈)နှစ် မပြည့်သေးသူများကို စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအစဉ်ဖြင့် တပ်မတော်သို့ဝင်ရောက်စဉ် အသက်(၁၈)နှစ် မပြည့်သေးသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် စိစစ်၍ စစ်မှုထမ်းခြင်းမှနုတ်ထွက်ခွင့် ပြုလျက်ရှိရာ ယခုအကြိမ်တွင် ၂၈ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မိဘ/အုပ်ထိန်းသူ များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ ကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်သည်။




**တက်ရောက်**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီး ချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်လှမြင့်စိုးနှင့် တပ်မတော်မှအရာရှိကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတို့မှညွှန်ကြား ရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နုတ်ထွက်ခွင့်ရရှိသူ ၂၈ ဦးနှင့် ၎င်းတို့၏ မိဘ/အုပ်ထိန်းသူများတက်ရောက်ကြ သည်။

**အမှာစကားပြောကြား**

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်း မှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား များကို တာဝန်ရှိသူတို့က ပေးအပ်ပြီး နုတ်ထွက်ခွင့်ရရှိသူ ၂၈ ဦးကို မိဘ/ အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် သည်။

**ဆောင်ရွက်ပေးမည်**

ထို့နောက် နုတ်ထွက်ခွင့်ရရှိသူများနှင့် မိဘ/အုပ်ထိန်းသူများကို မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံ တင်ပြရေး လုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်း သို့ ပို့ဆောင်ပေးပြီး ထိုစခန်းတွင် မိဘ များနှင့် အဆက်အသွယ်မရရှိသေး ပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး ဆေးဝါးကုသရန် လိုအပ်မှုရှိ မရှိ စစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှု ခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒ ရှိပါက ကျောင်းပြန်တက်ရန်၊ အလုပ် လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသော အလုပ် အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည့်ကျွမ်းကျင်မှု များ သင်ယူရန်၊ ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန် ခရီးစရိတ်နှင့် စားစရိတ်များ စီစဉ်ပေးခြင်း တို့ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို ၁၆ ကြိမ်ပြုလုပ်ခဲ့ပြီး နုတ်ထွက်ခွင့်ရရှိသူ ၁၀၂၉ ဦးကို မိဘ/အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခု ၁၇ ကြိမ်မြောက်အဖြစ် ၂၈ ဦး လွှဲပြောင်း ပေးပြီးပါက စုစုပေါင်း ၁၀၅၇ ဦးအထိ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရ သည်။

**စိစစ်ဆောင်ရွက်လျက်ရှိ**

တပ်မတော်အနေဖြင့် အသက်(၁၈)နှစ် မပြည့်သေးသူများ တပ်မတော်အတွင်း ဝင်ရောက်လာမှုမရှိစေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြောင်း အမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့် အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်း နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့ဖုံးမှ

မေ ၃ ရက် နံနက် ၉ နာရီက နှစ်ဖက်လိုက်နာရမည့် အသေးစိတ် စည်းကမ်းချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ကုန်စည်ကူးသန်းရာတွင် ယာဉ်မောင်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးရန်၊ ၁၄ ရက်တစ်ကြိမ် ရောဂါပိုး ရှိ၊ မရှိ ဆေးစစ်ရန်၊ ယာဉ်မောင်း နှစ်ဦးလိုက်ပါခွင့်ရှိပြီး သတ်မှတ်နေရာ၌သာ နေထိုင်ကြရန်နှင့် သတ်မှတ်နေရာ၌သာ ကုန်စည်ချရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတံတားကို မြန်မာစံတော်ချိန် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကုန်စည် များကို နေ့ချင်းပြန် ကူးသန်းရမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ထံမှ သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်တောင်ပိုင်းရှိ သစ်တောစိုက်ခင်းများ၊ ပျိုးဥယျာဉ်များနှင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေး အကောင်အထည်ဖော်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ အင်းပြင်ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကလောမြို့ကို ထင်းရှူးမြို့တော် ဖြစ်စေရေးအတွက် အမြင့်နှစ်ပေအထက် ထင်းရှူးပျိုးပင်များ စိုက်ပျိုးသွားရန်နှင့် ပျိုးဥယျာဉ်များတွင် ပျိုးပင်များကြိုတင်ပျိုးထောင်သွားရန်၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးအတွက် အင်းလေးကန် ရေဝေရေလဲဒေသရှိ သစ်တောများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ရေဝေရေလဲ သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်သွားရန်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေရှိ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်၊ တောင်ကြီးမြို့ ရေရရှိရေးအတွက် အရေးပါသော ထီသိမ်ကန်ရေထွက်နှင့် ရေဝေရေလဲဧရိယာများအား ထိန်းသိမ်းရန်၊ အင်းလေးကန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အထူးအလေးပေးဆောင်ရွက်ရန်၊ ပင်းတယ-ဘော်ဆိုင်းကားလမ်းဘေးတောင်ကုန်းများ မြေဆီလွှာတိုက်စားမှုမရှိစေရေး အစီအမံများ ရေးဆွဲဆောင်ရွက်သွားရန်နှင့် ထင်းရှူးပင်များ တစ်အုပ်တစ်မ စိုက်ပျိုးသွားရန် မှာကြားပြီး ပျိုးဥယျာဉ်အတွင်း ယခုနှစ်တွင် စိုက်ပျိုးမည့် ထင်းရှူးပျိုးပင် ၃၇၀၀၀ အပါအဝင် ပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရန် ထင်းရှူးပျိုးပင် ၁၅၀၀ ကြိုတင်ပျိုးထောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ်ရှိ ထင်းရှူးပင်များအား စာရင်းကောက်ယူ၍ နံပါတ်စဉ်ရိုက်ကပ်မှု လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်လေးလုံးကြိုးဝိုင်း အကွက်အမှတ်(၂၈)ရှိ (၁/၂၀၁၈) စီးပွားရေးထင်းရှူး ဧက ၁၀၀ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်လေးလုံးပျိုးဥယျာဉ်အတွင်း သစ်မျိုးစုံ ပျိုးပင် ၁၂၀၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ အင်းလေးကန်ဘေးမဲ့တော သဘာဝနယ်မြေအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ အင်းလေးကန်နှင့် ရေဝေရေလဲ ဒေသထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အင်းလေးကန်အတွင်း ရေမှော်နှင့် ဗေဒါများ ရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အေးသာယာ Green Zone ရှိ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းအသွင်ဖြင့် နေကြာနှင့် သစ်မျိုး ၁၈ မျိုး ၄၈၁၂ ပင် စိုက်ပျိုးထားသော (၃/၂၀၂၀) သစ်မျိုးစုံ သီးနှံသစ်တောသရုပ်ပြစိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှု၊ အပေါ်ယံမြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန် ရေလွှဲမြောင်းတူးဖော်ခြင်း၊ နုန်းပို့ချမှုလျှော့ချရန် ကျောက်စီနုန်းထိန်းတမံငယ် တည်ဆောက်ထားမှုနှင့် အေးသာယာ Green Zone ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ထီသိမ်ရေကူရေလှောင်တမံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့သို့ ရေပေးဝေလျက်ရှိသော ထီသိမ်ကန်ကြိုးဝိုင်းရှိ ထီသိမ်ရေထွက် ထီသိမ်ရေကူရေလှောင် တမံရေဝေရေလဲဧရိယာ ထိန်းသိမ်းမှုနှင့် ရေဝေရေလဲ ဧရိယာအတွင်း ၂၀၂၂ ခုနှစ် အပင် ၁၀၀၀ ကွက်လပ် ဖြည့်စိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

■



# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ ဒုတိယနှစ်ဝက်နှင့် ပထမနှစ်ဝက် သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်ဝက် သင်တန်းများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒီဂရီကောလိပ်(ရန်ကုန်)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ ပေးအပ်သည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ကတိသစ္စာတိုင်တည်ပြီး သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၂၂)နှင့် (၂/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အခြေခံကွန်ပျူတာ သင်တန်း အမှတ်စဉ်(၁/၂၀၂၂)နှင့် (၂/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော်နှင့် ရန်ကုန်ဘဏ်ခွဲတွင် ယနေ့ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Digital Implementation တွင် IT နည်းပညာသည် မရှိမဖြစ် အခြေခံသိထားရမည့် ပညာရပ်တစ်ခုဖြစ်၍ သင်တန်းသားများ အနေဖြင့် အခြေခံမှစ၍ ကွန်ပျူတာဘာသာရပ်အား သင်ယူလေ့လာခွင့်ရသည့်အတွက် မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်မည်ဖြစ်၍ အကျိုးကျေးဇူးများစွာရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အသုံးချဆောင်ရွက်သွားကြရန် မှာကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ဒုတိယဥက္ကဋ္ဌများက အခြေခံကွန်ပျူတာ သင်တန်း အမှတ်စဉ် (၂/၂၀၂၂)၊ နေပြည်တော်တွင် ပထမဆုရရှိသူ ဒုတိယဦးစီးမှူး ဦးချစ်ကောင်း၊ ဒုတိယဆုရရှိသူ အငယ်တန်းစာရေး ဦးလွင်မျိုးအောင်၊ တတိယဆုရရှိသူ ဒုတိယဦးစီးမှူး ဦးလင်းထင်ဦးတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက အခြေခံကွန်ပျူတာ သင်တန်း အမှတ်စဉ်(၁/၂၀၂၂)၊ ရန်ကုန်ဘဏ်ခွဲတွင် ပထမဆုရရှိသူဦးစီးအရာရှိဒေါ်အေးအေးသန်း၊ ဒုတိယဆုရရှိသူ စစ်ဆေးရေးမှူး (၄)ဌေး ဒေါ်ညီညီအေး၊ တတိယဆုရရှိသူ အကြီးတန်းစာရေး ဒေါ်အိအိမွန်တို့ကိုလည်းကောင်း ဆုများချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းများနှင့်အညီ နှစ်လကြာ လုပ်ငန်းခွင်မပျက်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်မှ သင်တန်းသား ၂၀ နှင့် ရန်ကုန်ဘဏ်ခွဲမှ သင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၃**

မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သံတွဲ မေ ၁၃**

သံတွဲခရိုင် သံတွဲမြို့နယ်တွင် သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် ထင်းအစားထိုးစိုက်ခင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက သံတွဲမြို့နယ် သစ်တောကြိုးဝိုင်း အကွက်အမှတ်(၅၅)တွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီ အကြိုသစ်ပင်စိုက်ပျိုးပွဲတော်အား ကျေးရွာထင်းစိုက်ခင်းအဖြစ် ဧက ၁၂၅ ဧကတွင် မန်ဂျန်ရှား အပင် ၁၀၀၀ အား သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၆၀ ခန့်က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သံတွဲမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ဗီယက်နမ် မေ ၁၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ My Dinh National Stadium ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ သမ္မတ Nguyễn Xuân Phúc က (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဖွင့်လှစ်ကြောင်း ကြေညာပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

**အားကစားနည်း ၄၀ ထည့်သွင်း**

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၀၃ ခုနှစ်က အိမ်ရှင်အဖြစ် ပထမအကြိမ် လက်ခံကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်းနှင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■








# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ်ထောက်ပံ့ပေးအပ်

**ကျိုင်းတုံ မေ ၁၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ်ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

**ပေးအပ်လှူဒါန်း**

ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ကြက်ခြေနီအသင်းအဖွဲ့သည် အစိုးရအဖွဲ့နှင့်မိတ်ဖက်အသင်းအဖွဲ့ဖြစ်ပြီး နိုင်ငံတော်က အားထားရသည့် အသင်းအဖွဲ့ဖြစ်ကြောင်း၊ ယခုလိုမိမိတို့အဖွဲ့က ခရိုင်၊မြို့နယ်များရှိ ကြက်ခြေနီတပ်ဖွဲ့များကို ဝတ်စုံစရိတ်အတွက် အစိုးရအဖွဲ့နှင့် ကုမ္ပဏီအလှူရှင်များက ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ်ငွေကျပ်သိန်း ၂၀၊ အလှူရှင်ကုမ္ပဏီများမှ လှူဒါန်းငွေကျပ် ၃၃၇၀၀၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် အလှူရှင် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့ကပေးအပ်လှူဒါန်းရာ ရှမ်း ပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**တွေ့ဆုံ**

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခေမရဋ္ဌခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက သက်ဆိုင်ရာ ပါမောက္ခများကလည်း ကျောင်းသား ကျောင်းသူများကို ဂရုတစိုက် သင်ကြားပေးနိုင်ရန်၊ ကျောင်းအတွက်လိုအပ်ချက်များရှိပါက မိမိတို့အစိုးရအဖွဲ့သို့ တင်ပြရန်၊ အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစားပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျိုင်းတုံတက္ကသိုလ်ဘက်စုံ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ပေးအပ်ရာ ကျိုင်းတုံ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာက လက်ခံရယူပြီး ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)

# ကျောက်တော်ကြီးဘုရားရင်ပြင်တော်၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)ရင်ပြင်တော်၌ (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် မင်္ဂလာအခမ်းအနားကို မေ ၁၄ ရက် (ကဆုန်လပြည့်) နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညောင်ရေသွန်းပွဲတော်ကို ရင်ပြင်တော်ပေါ်ရှိ သီရိလင်္ကာနိုင်ငံ၏ ဓမ္မပဏ္ဏာတော်အဖြစ် စိုက်ပျိုးပူဇော်ထားသော မဟာဗောဓိပင်အား ဗြဟ္မာ၊ သိကြား၊ နဂါး၊ ဂဠုန်၊ အဆောင်အယောင်များဝတ်ဆင်၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# အစိုးရဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ဖြေဆိုသံဃာတော်များအား အချိုရည်နှင့်ဝတ္ထုငွေများ လှူဒါန်း

**လားရှိုး မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ သာသနာရေးဦးစီးဌာနကကျင်းပသော ၂၀၂၂ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကို မေ ၃၀ ရက်မှ စတင်ကာဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစိုးရဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲကို သံဃာတော်၊ သီလရှင် စုစုပေါင်း အပါး ၁၈၀ ဖြေဆိုကြပြီး စာမေးပွဲဖြေဆိုနေကြသော သံဃာတော်၊ သီလရှင်များအား လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက ယမန်နေ့က အချိုရည်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဇာဏီအောင်(လားရှိုး)

# သတိပြုရမည့် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲနှင့် သတင်းအတု၊ သတင်းအမှားများ၏အန္တရာယ်

မင်းခန့်

မြန်မာနိုင်ငံရဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ သတင်းအတု၊ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိ ထပ်တလဲလဲဖြန့်ချိနေကြတာကို နေ့စဉ်ရက်ဆက် တွေ့ရှိနေရပါတယ်။ အထူးသဖြင့် ပြည်သူလူထုအသုံးများတဲ့ Facebook စာမျက်နှာတွေမှာ မီဒီယာအမည်ခံ Account အမျိုးမျိုးနဲ့ သတင်းစာသား၊ ဓာတ်ပုံ၊ ဗီဒီယိုတွေအသုံးပြုပြီး လုပ်ကြံဖန်တီးထားတဲ့ သတင်းအတုတွေ၊ လိုရာဆွဲပြီး အမှန်၊ အမှားရောနှောထားတဲ့ သတင်းအမှားတွေကို ပြည်တွင်း၊ ပြည်ပက လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက လုပ်ဆောင်နေတာ မြင်တွေ့ရမှာဖြစ်ပါတယ်။

> **အကြမ်းဖက်မှုကိုလှုံ့ဆော်တဲ့ စိတ်ဓာတ်စစ်ဆင်ရေးတွေနဲ့ မြေပြင်က အပြစ်မဲ့အရပ်သားပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့ သံဃာတွေကို သတ်ဖြတ်မှုတွေက တစ်ပြိုင်တည်းဖြစ်ပေါ်နေသလို လူမှုကွန်ရက်ကနေ သတင်းအတု၊ သတင်းအမှားတွေနဲ့လည်း စဉ်ဆက်မပြတ် လှုံ့ဆော်မီးထိုးပေးလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ တစ်ဖက်ပိတ် လော်ဘီတွေ၊ လူမှုရေးအရ ဩဇာရှိသူတွေနဲ့ အသားထဲကလောက်ထွက်တဲ့ မီဒီယာတချို့ကို ငွေကြေးထောက်ပံ့ပြီး အကြမ်းဖက်မှုတွေ ဖြစ်ပွားအောင်၊ အကြမ်းဖက်မှုတွေကို အားပေးလာအောင်၊ အကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွအောင်၊ တပ်မတော်သား / မိသားစုတွေ / အမျိုးသားရေးသမားတွေနဲ့ တပ်မတော်ကို အားပေးထောက်ခံသူတွေ စိတ်ဓာတ်ကျဆင်းလာအောင် လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားတွေ ထုတ်လွှင့်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဆင်နွှဲ**

## အချက်ပေးခေါင်းလောင်းထိုး

" အမှားပြောပါများတော့ အမှန်ထင်လာတယ်" ဆိုတဲ့အတိုင်းပဲ ဒီလို သတင်းအတု၊ သတင်းအမှားတွေကို နေ့စဉ်ရက်ဆက် ထပ်တလဲလဲ တွေ့မြင်ဖတ်ရှုနေရတဲ့အခါ လူမှုကွန်ရက်အသုံးပြုသူ ပြည်သူတွေက အမှားကို အမှန်ထင်၊ တံလျှပ်ကို ရေထင်ပြီး ရွှေသမင်အလိုက်မှားကြပါတော့တယ်။ ဒီလိုဖြစ်တာက လူမှုကွန်ရက်ကို သာမန်အသုံးပြုသူတွေသာမက ချင့်ချိန်စိစစ်ပြီး အသုံးပြုသူတွေကိုယ်တိုင်ထင်ယောင်ထင်မှားဖြစ်လာတာတွေကို တွေ့ရှိနေရပါတယ်။ ဒါက ဘာကိုပြဆိုနေသလဲဆိုရင် မြန်မာနိုင်ငံအနေနဲ့ စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲ ဆင်နွှဲခံနေရပြီဆိုတာ သေချာစေတဲ့ အချက်ပေးခေါင်းလောင်းထိုးနေခြင်း ဖြစ်ပါတယ်။

စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲဟူသည်မှာ အသစ်အဆန်းတော့မဟုတ်ပါ။ သမိုင်းမတင်မီခေတ်ကတည်းက စစ်ပွဲတွေမှာ ပြိုင်ဘက်ရဲ့ စိတ်ဓာတ်စွမ်းရည်ကျဆင်းစေရန် အသုံးပြုခဲ့ကြတဲ့ နည်းနာတစ်ခုပဲဖြစ်ပါတယ်။ သမိုင်းကြောင်းလေးကို အကျဉ်းမျှပြဆိုလိုပါတယ်။ ဘီစီ ၅၂၅ လောက်က ပါရှန်အင်ပါယာနဲ့ အီဂျစ်တို့ဖြစ်ပွားခဲ့တဲ့ Pelusium စစ်ပွဲမှာ ပါရှန်တို့ဘက်က ကြောင်သတ္တဝါတွေကို ဓားစာခံအဖြစ် အသုံးပြုခဲ့ကြပါတယ်။ ဒီလိုသုံးရတဲ့အကြောင်းက အီဂျစ်တို့ဘက်က ဘာသာရေးယုံကြည်ချက်နဲ့ ဂါထာမန္တာန်တချို့ကြောင့် ကြောင်သတ္တဝါတွေကိုအထွတ်အမြတ်ထားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဘာသာရေးကနေ့သတ်ချက်ကို စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းတစ်ခုအနေနဲ့ သုံးခဲ့ခြင်းဖြစ်ပါတယ်။

ပထမကမ္ဘာစစ်အတွင်းမှာ ဗြိတိသျှတို့က ဂျာမနီကို ရင်ဆိုင်ရာမှာ လက်ကမ်းစာစောင်တွေဖြန့်ဝေတဲ့ စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းကို အသုံးချခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ အသံလွှင့်ဌာနတွေကနေတစ်ဆင့် ဝါဒဖြန့်ချိခြင်းနည်းလမ်းတွေကို စတင်အသုံးပြုခဲ့ကြပါတယ်။ ယခုကာလမှာတော့ အင်တာနက်နဲ့ လူမှုကွန်ရက်တွေဟာ စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ရာမှာ အဓိကအခန်းကဏ္ဍကနေပါဝင်လာပြီး ပစ်မှတ်နိုင်ငံ၊ လူ့အဖွဲ့အစည်း၊ အုပ်စုတွေရဲ့ အယူအဆ သဘောတရားတွေ၊ ယဉ်ကျေးမှုတွေ၊ အတွေးအခေါ်အယူအဆတွေ ပြောင်းလဲလာအောင် သတင်းအတု၊ သတင်းအမှားတွေအပါအဝင် စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းမျိုးစုံကို အသုံးချကြပါတယ်။

## Phoenix Program နဲ့ Chieu Hoi Program

မြန်မာနိုင်ငံနဲ့ နီးစပ်တဲ့ ဒေသတွင်းနိုင်ငံတစ်ခုမှာ ဖြစ်ခဲ့တဲ့ ဥပမာကိုပြဆိုရရင် ဗီယက်နမ်စစ်ပွဲမှာ အသုံးပြုခဲ့တဲ့ အမေရိကန်တို့ရဲ့ Phoenix Program နဲ့ Chieu Hoi Program ဆိုတာ အထူးထင်ရှားပါတယ်။ Phoenix Program ကတော့ Viet Cong တွေထဲကို စိမ့်ဝင်ထိုးဖောက်ရေး၊ စိတ်ဓာတ်ပျက်ပြားအောင် စစ်ကြောရေးနဲ့ ညှဉ်းပန်းနှိပ်စက်ရေး အပါအဝင် အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ရေးတွေအထိ ပါဝင်ပါတယ်။ Chieu Hoi Program ကတော့ Viet Cong တွေ ဘက်ပြောင်းလာစေရေးကို အဓိကထားတာဖြစ်ပါတယ်။ Phoenix Program ကြောင့် သာမန်ပြည်သူတွေနဲ့ Viet Cong ၈၁၇၄၀ ဖမ်းဆီးခံခဲ့ရပြီး ၂၆၃၆၉ ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရပါတယ်။ Chieu Hoi Program ကြောင့် Viet Cong ၁၀၁၅၁၁ ဦး ဘက်ပြောင်းစေခဲ့ပါတယ်။

ယခုအချိန်မှာတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တို့အသုံးပြုခဲ့တဲ့ Phoenix Program နဲ့ Chieu Hoi Program ဆန်ဆန် စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းတွေကို အင်တာနက်နဲ့ ဆိုရှယ်မီဒီယာတွေမှာ အသုံးချပြီး လုပ်ဆောင်နေတာကို ထင်ထင်ရှားရှားတွေ့ရှိနေရလို့ နိုင်ငံတော်လုံခြုံရေးအတွက် အထူးသတိပြုရမယ့် အချိန်အခါဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်စေခဲ့တဲ့ စနစ်တကျ မဲလိမ်/မဲခိုးပြီး အစိုးရအခွင့်အာဏာကို ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အသုံးချခဲ့တဲ့ အကြောင်းရင်းကို မျက်ကွယ်ပြုပြီး တပ်မတော်က အခြေခံဥပဒေအရ အာဏာထိန်းသိမ်းမှုကို စစ်အာဏာသိမ်းမှုအသွင် ပုံဖော်ခဲ့ကြပါတယ်။ ဒီလို လူမှုကွန်ရက်တွေပေါ်ကနေ ပုံဖော်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် စိတ်ဖိစီးကာ မွန်းကျပ်နေတဲ့ ပြည်သူလူထုကို လမ်းပေါ်ဆွဲထုတ်ခဲ့ကြပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုလို့ ခေါင်းစဉ်တပ်ထားတဲ့ လူအုပ်ကြီးဟာ သိပ်မကြာလိုက်တဲ့ အချိန်ကာလအတွင်းမှာပဲ ပရမ်းပတာလူအုပ်စုကြီးအဖြစ် ပြောင်းလဲခံလိုက်ရပြီး မင်းမဲ့စရိုက်ဆန်ဆန် အဓိကရုဏ်းတွေနဲ့ အကြမ်းဖက်မှုတွေကို ကျူးလွန်ကြပါတော့တယ်။

တစ်ချိန်တည်းမှာ အမေရိကန်နိုင်ငံသားတစ်ဦးက အင်တာနက်ပေါ်ကနေ မြန်မာလူငယ်တွေကို အကြမ်းဖက် သင်တန်းပေးခဲ့ပါတယ်။ ဒ့ါအပြင် ပြည်ပနိုင်ငံကြီးတချို့ရဲ့ ထောက်ပံ့မှုနဲ့ EAOs တချို့ကလည်း အကြမ်းဖက်သင်တန်းတွေပေးပြီး လက်နက်တပ်ဆင်ပေးခဲ့ကြပါတယ်။ ဒီလို အခြေအနေတွေက အခါအခွင့်သင့်လို့ ဖြစ်လာခဲ့တာမဟုတ်ဘဲ နောက်ကွယ်က ကြိုးကိုင်မှုတွေနဲ့ ချိတ်ဆက်ပြီး ပြည်သူလူထုက အသိမဲ့စွာနဲ့ သူတို့ဖြစ်စေချင်တဲ့အတိုင်း လိုက်ပါလုပ်ဆောင်လာအောင် စီမံနေကြခြင်းဖြစ်ပါတယ်။

> **အစိုးရမဟုတ်တဲ့ ကြားနေ FACT CHECK (Volunteer)အဖွဲ့က သူတို့ရဲ့စိစစ်တွေ့ရှိချက်တွေကို လူမှုကွန်ရက် Platform တွေဖြစ်တဲ့ Facebook ၊ Telegram၊ Twitter တွေပေါ်မှာ နေ့စဉ်စိစစ်ပြီး သတင်းအမှန်၊ သတင်းအမှား ခွဲခြားဖော်ပြပေးနေတာကိုလည်း တွေ့မြင်နေရပါတယ်။ အဆိုပါအဖွဲ့ရဲ့ စိစစ်ထုတ်ပြန်ချက်တွေအနက် အနီးစပ်ဆုံး လတ်တလောကာလဖြစ်တဲ့ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ပြည်ဖျက်မီဒီယာတွေက Facebook စာမျက်နှာပေါ်မှာ လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားအပုဒ် ၆၃၀ ရှိပြီး သတင်းအမှန်အနေနဲ့ ၃၂ ပုဒ်သာရှိ**

## သတင်းအတု၊ သတင်းအမှားတွေနဲ့လှုံ့ဆော်မီးထိုး

အကြမ်းဖက်မှုကို လှုံ့ဆော်တဲ့ စိတ်ဓာတ်စစ်ဆင်ရေးတွေနဲ့ မြေပြင်က အပြစ်မဲ့ အရပ်သားပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့ သံဃာတွေကို သတ်ဖြတ်မှုတွေက တစ်ပြိုင်တည်းဖြစ်ပေါ်နေသလို လူမှုကွန်ရက်ကနေ သတင်းအတု၊ သတင်းအမှားတွေနဲ့လည်း စဉ်ဆက်မပြတ် လှုံ့ဆော်မီးထိုးပေးလျက်ရှိပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ တစ်ဖက်ပိတ်လော်ဘီတွေ၊ လူမှုရေးအရ ဩဇာရှိသူတွေနဲ့ အသားထဲကလောက်ထွက်တဲ့ မီဒီယာတချို့ကို ငွေကြေးထောက်ပံ့ပြီး အကြမ်းဖက်မှုတွေဖြစ်ပွားအောင်၊ အကြမ်းဖက်မှုတွေကို အားပေးလာအောင်၊ အကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွအောင်၊ တပ်မတော်သား/မိသားစုတွေ/အမျိုးသားရေးသမားတွေနဲ့ တပ်မတော်ကို အားပေးထောက်ခံသူတွေ စိတ်ဓာတ်ကျဆင်းလာအောင် လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားတွေထုတ်လွှင့်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဆင်နွှဲနေတာဖြစ်ပါတယ်။

"လုပ်ကြံသတင်းအတု" ဆိုတာကတော့ ဖြစ်စဉ်လုံးဝမရှိဘဲ မြေပြင်မှာအမှန်တကယ်ဖြစ်နေသလိုမျိုး ဓာတ်ပုံ၊ ဗီဒီယိုတွေကို ဖြတ်ညှပ်ကပ်ပြုလုပ်ပြီး လုပ်ကြံဖန်တီးရေးသားဖော်ပြနေတဲ့ သတင်းတွေဖြစ်ပါတယ်။ အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိခိုက်သေဆုံးမှုတွေကို နေ့စဉ်နဲ့အမျှ ကိန်းဂဏန်းအရေအတွက် အများအပြား ဖော်ပြရေးသားလေ့ရှိကြောင်း တွေ့ရှိရပါတယ်။

"ပုံဖျက်သတင်းအမှား" ဆိုတာကတော့ မြေပြင်ဖြစ်စဉ်အမှန်ကို အခြေခံပြီး သူတို့ပုံဖော်လိုတဲ့အချက်ကို ပုံကြီးချဲ့ လိုရာဆွဲရေးသားတဲ့ သတင်းတွေဖြစ်ပါတယ်။ ပုံဖျက်သတင်းအမှားတွေ ဖော်ပြတဲ့အခါ ဖုံးပေါက်ကွဲမှုနဲ့ တိုက်ပွဲဖြစ်စဉ် အမှန်သတင်းတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိခိုက်မှုမရှိပေမယ့်လည်း ထိခိုက်ကျဆုံးမှု အများအပြား ဖော်ပြပြီး အမှန်၊ အမှား ရောထွေးဖော်ပြလေ့ရှိပါတယ်။

ဒီလိုအခြေအမြစ်မရှိတဲ့ လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားတွေဟာ လူမှုကွန်ရက်အသုံးပြုတဲ့ပြည်သူတွေအတွက် သတင်းအဆိပ်အတောက်ဖြစ်စေပြီး ဆင်ခြင်သုံးသပ်နိုင်မှုအားနည်းတဲ့ပြည်သူအချို့ယုံကြည်ပြီး အားပေးလှုံ့ဆော်မှုတွေ ဖြစ်ပေါ်နေတာ ယနေ့ပကတိအရှိတရား ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ကြံသတင်းအတု၊ သတင်းအမှားတွေကို စိစစ်မှုမရှိဘဲ သတင်းအဆင့်အတန်းမရှိ၊ မီဒီယာကျင့်ဝတ်သိက္ခာမဲ့စွာ သတင်းအဆိပ်အတောက်တွေကို ထပ်ခါတလဲလဲ ရေးသားဖော်ပြနေကြတဲ့ ပြည်တွင်း၊ ပြည်ပ မီဒီယာအမည်ခံ သတင်းဌာနတွေကို ပြည်ဖျက်မီဒီယာတွေလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

ပြည်ဖျက်မီဒီယာတွေရဲ့ နေ့စဉ်ဖော်ပြနေတဲ့ သတင်းတွေကို လူမှုကွန်ရက် သတင်းအတု၊ သတင်းအမှား စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ FACT CHECK ( Volunteer )အဖွဲ့က နေ့စဉ်စောင့်ကြည့်စိစစ်ဖော်ထုတ်ချက်တွေအရ Facebook စာမျက်နှာမှာ နေ့စဉ်သတင်းအတု၊ သတင်းအမှားအပုဒ်ရေ ၂၀ မှ ၃၀ ခန့်အထိ ရေးသားနေကြောင်း သိရှိရပါတယ်။

စာမျက်နှာ ၇ သို့ ○

○ စာမျက်နှာ ၆ မှ

အစိုးရမဟုတ်တဲ့ ကြားနေ FACT CHECK (Volunteer)အဖွဲ့က သူတို့ရဲ့ စိစစ်တွေ့ရှိချက်တွေကို လူမှုကွန်ရက် Platform တွေဖြစ်တဲ့ Facebook၊ Telegram၊ Twitter တွေပေါ်မှာ နေ့စဉ်စိစစ်ပြီး သတင်းအမှန်၊ သတင်းအမှား ခွဲခြားဖော်ပြပေးနေတာကိုလည်း တွေ့မြင်နေရပါတယ်။ အဆိုပါအဖွဲ့ရဲ့ စိစစ်ထုတ်ပြန်ချက်တွေအနက် အနီးစပ်ဆုံး လတ်တလောကာလဖြစ်တဲ့ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ပြည်ဖျက်မီဒီယာတွေက Facebook စာမျက်နှာပေါ်မှာ လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှား အပုဒ် ၆၃၀ ရှိပြီး သတင်းအမှန်အနေနဲ့ ၃၂ ပုဒ်သာရှိကြောင်း သိရှိရပါတယ်။

ဧပြီလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ
ပြည်တွင်း/ပြည်ပ မီဒီယာအချို့၏ သတင်းတင်ထားမှုစစ်တမ်း

| စဉ် | မီဒီယာအမည် | လုပ်ကြံသတင်းအတု | သတင်းအမှား | သတင်းအမှန် |
|---|---|---|---|---|
| ၁ | Khit Thit | ၁၈၉ | ၈၃ | ၉ |
| ၂ | DVB | ၇၉ | ၅၁ | ၈ |
| ၃ | Mizzima | ၈၀ | ၄၆ | ၈ |
| ၄ | Delta News Agency | ၃၄ | ၁၈ | ၃ |
| ၅ | Irrawaddy | ၁၃ | ၂ | ၂ |
| ၆ | Tachileik News Agency | ၁၉ | ၁၆ | ၂ |
| | စုစုပေါင်း | ၄၁၄ | ၂၁၆ | ၃၂ |

သတင်းစိစစ်ချက် အသေးစိတ်အား
https://www.facebook.com/profile.php?id=100077272015649
ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အတုတွေသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

"ပုံဖျက်သတင်းအမှား" အနေနဲ့ Khit Thit ကနေ ဧပြီလ ၂ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် စိမ်းလန်းရုံးနဲ့ ဝရင်ငယ်–ရွာသစ်ကျေးရွာအနီးမှာ စစ်ကောင်စီတပ်နဲ့ ပျူစောထီးပူးပေါင်းအဖွဲ့တွေကို PDF အဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်ကားတစ်စီး မီးလောင်ပြီး စစ်သားနဲ့ ပျူစောထီး ၁၅ ဦး သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းတွေဟာ မိုင်းဆွဲဖြစ်စဉ်မှန်ကန်သော်လည်း စစ်ကားမီးလောင်ခြင်းမရှိ၊ ရဲ တစ်ဦးကျဆုံး၊ ပြည်သူ့စစ် တစ်ဦး ဒဏ်ရာရခဲ့ခြင်းသာဖြစ်ပါတယ်။ DVB ကနေ ဧပြီလ ၇ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ မန္တလေး–မုံရွာကားလမ်းပေါ်မှာ စစ်ကောင်စီယာဉ်တန်း ကားငါးစီးကို PDF က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်သား ၃၀ မှ ၄၀ ခန့် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းကလည်း မိုင်းဆွဲဖြစ်စဉ်မှန်ကန်သော်လည်း စစ်သည်နှစ်ဦးသာဒဏ်ရာရရှိပြီး ကျဆုံးမှုမရှိကြောင်း သိရှိရပါတယ်။

စိစစ်ဖော်ပြထားတဲ့ လုပ်ကြံသတင်းအတုများစွာထဲက ဥပမာအနေနဲ့ Mizzima က ဧပြီလ ၅ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ ချင်းပြည်နယ် မင်းတပ်မြို့ကနေ မတူပီမြို့ကို တက်လာတဲ့ စစ်ယာဉ်တန်းကို CDF–မင်းတပ်၊ The Youth Force နဲ့ CDF–မတူပီ အဖွဲ့တွေက မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်ကောင်စီတပ်ဘက်မှ ၅၀ ကျော် သေဆုံးခဲ့တယ်ဆိုတဲ့သတင်း၊ Khit Thit ကနေ ဧပြီလ ၁၁ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ မကွေးတိုင်း ပေါက်မြို့နယ် ကျအိုးကျေးရွာအနီးမှာ စစ်ကောင်စီတပ်တွေနဲ့ PDF အဖွဲ့တွေကြား တိုက်ပွဲဖြစ်ပွားခဲ့ရာမှာ စစ်ကောင်စီဘက်က အနည်းဆုံး ၂၅ ဦးကျော် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်း၊ DVB ကနေ ဧပြီလ ၁၉ ရက်နေ့မှာ စစ်ကိုင်းတိုင်း မုံရွာမြို့မှ ထွက်ခွာလာတဲ့ စစ်ကောင်စီတပ်ကို နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က PDF မဟာမိတ်လေးဖွဲ့ ပူးပေါင်းပြီး မိုင်းစစ်ဆင်ရေးပြုလုပ်ခဲ့လို့ စစ်ကောင်စီဘက်က ၁၆ ဦး သေဆုံးခဲ့ပြီး Jammer ကားတစ်စီး ပျက်စီးခဲ့တယ်ဆိုတဲ့ သတင်းတွေဟာ ဖြစ်စဉ်လုံးဝမရှိဘဲ လုပ်ကြံဖန်တီးထားတဲ့ သတင်း







တွေ တောင်းခံနိုင်ဖို့အတွက် လုပ်ဆောင်နေတာဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံကိုတည်ငြိမ်အောင် အုပ်ချုပ်နိုင်ခြင်းမရှိဘဲ Failed State အခြေအနေဖြစ်ဖို့ နီးလာနေကြောင်း ပုံဖော်နေပြီး တပ်မတော်ရဲ့ ဂုဏ်သိက္ခာကျဆင်းစေဖို့နဲ့ ပြည်သူလူထုက တပ်မတော်အပေါ် အထင်လွဲမှားလာစေဖို့၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေအကြား သွေးခွဲဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ တိုက်လိုခိုက်လိုစိတ် ကျဆင်းအောင် စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်နေကြတာဖြစ်ပါတယ်။ အဆိုးဆုံးကတော့ အပြစ်မဲ့ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ သံဃာတွေကို အကြမ်းဖက်သတ်ဖြတ်ပြီး လူထုကြားထဲကို ၎င်းတို့ကို မထောက်ခံရင် အသတ်ခံရမယ်ဆိုတဲ့ အကြောက်တရားသွင်း သတင်းစကားပေးနေတာဖြစ်ပါတယ်။

ဒီလိုသတင်းတွေကို ပြည်ဖျက်မီဒီယာတွေနဲ့ ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေက ၎င်းတို့ရဲ့ ကွန်ရက်တွေကနေ ဝေဝေဆာဆာ ဝိုင်းဝန်းထပ်ဆင့်လှုံ့ဆော်နေကြသလို နောက်ကွယ်က ကြိုးကိုင်စီစဉ်သူတွေကလည်း ငွေအင်အား၊ နည်းပညာအားတွေနဲ့ သတင်းအမှားတွေကို လူထုအကြား ပိုမိုပျံ့နှံ့ရောက်ရှိအောင် လုပ်ဆောင်နေကြတယ်ဆိုတာ ပြည်သူတွေအနေနဲ့ သတိပြုကြဖို့ လိုအပ်ပါတယ်။ ဗီယက်နမ်မှာ လုပ်ဆောင်ခဲ့တဲ့ Phoenix Program လိုပဲ လက်တွေ့အကြမ်းဖက်မှုနည်းလမ်းနဲ့ စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းကို တစ်ပြိုင်နက်တည်း ပေါင်းစပ် ကျင့်သုံးနေကြတာ တွေ့ရှိရသလို Chieu Hoi Program လိုပဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဘက်ပြောင်းလာစေဖို့ကိုလည်း ချမှတ်လုပ်ဆောင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

"ဒီလိုသတင်းတွေကို ပြည်ဖျက်မီဒီယာတွေနဲ့ ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေက ၎င်းတို့ရဲ့ ကွန်ရက်တွေကနေ ဝေဝေဆာဆာ ဝိုင်းဝန်းထပ်ဆင့်လှုံ့ဆော်နေကြသလို နောက်ကွယ်က ကြိုးကိုင်စီစဉ်သူတွေကလည်း ငွေအင်အား၊ နည်းပညာအားတွေနဲ့ သတင်းအမှားတွေကို လူထုအကြား ပိုမိုပျံ့နှံ့ရောက်ရှိအောင် လုပ်ဆောင်နေကြတယ်ဆိုတာ ပြည်သူတွေအနေနဲ့ သတိပြုကြဖို့ လိုအပ်ပါတယ်။ ဗီယက်နမ်မှာ လုပ်ဆောင်ခဲ့တဲ့ Phoenix Program လိုပဲ လက်တွေ့အကြမ်းဖက်မှုနည်းလမ်းနဲ့ စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းကို တစ်ပြိုင်နက်တည်း ပေါင်းစပ်ကျင့်သုံးနေကြတာတွေ့ရှိရသလို Chieu Hoi Program လိုပဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဘက်ပြောင်းလာစေဖို့ကိုလည်း ချမှတ်လုပ်ဆောင်"

### ပြည်သူတွေ ယုံကြည်လာစေရန်လုပ်ဆောင်

ဒီလိုတွေ လုပ်ကြံသတင်းအတုတွေနဲ့ ပုံဖျက်သတင်းအမှားတွေကို ထပ်ခါတလဲလဲ ထုတ်လွှင့်နေရတဲ့ရည်ရွယ်ချက်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရတဲ့ NUG ပြည်ပြေးအဖွဲ့ရဲ့ အလုံးစုံပျက်စီးရေးလမ်းစဉ်အရ နိုင်ငံအနှံ့အပြားမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ငါတို့နိုင်နေပြီဆိုတဲ့ လှုံ့ဆော်မှုကို ပြည်သူတွေ ယုံကြည်လာစေဖို့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါ့အပြင် မျှော်လင့်ချက်မဲ့ပြီး ဦးတည်ရာပျောက်ဆုံးနေတဲ့ အကြမ်းဖက် PDF တွေနဲ့ သူတို့ကို ထောက်ခံသူတွေ စိတ်ဓာတ်တက်ကြွလာစေဖို့၊ အကြမ်းဖက်မှုတွေကို ပိုမိုအားပေးလာစေဖို့၊ PDF တွေအတွက် အကြောင်းပြပြီး ပြည်တွင်း၊ ပြည်ပကနေ ထောက်ပံ့ကြေးနဲ့ အလှူငွေ

### အလွန်အန္တရာယ်ကြီး

ဒီလိုလုပ်ဆောင်ရခြင်းရဲ့ နောက်ကွယ်က အကြောင်းရင်းကလည်း နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးလှပါတယ်။ မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေဖြစ်အောင် ဖန်တီးချင်နေတဲ့သူတွေဟာ မြန်မာနိုင်ငံမှာ တပ်မတော်ပြိုကွဲမှသာ နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမှာဖြစ်တဲ့အတွက် ၎င်းတို့ရဲ့မဟာဗျူဟာ အကျိုးစီးပွားဖော်ဆောင်မယ့်သူတွေကို ငွေအား၊ လူအား၊ နည်းပညာအားတွေနဲ့ ကူညီနေတာဖြစ်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေတွေအရ ပြည်သူအများ စိတ်ဝမ်းကွဲပြားပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ပျက်စီးအောင် လုပ်ဆောင်နေရုံသာမကဘဲ သူတို့လိုသလို ကြိုးကိုင်လို့ရမယ့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်တွေဟာ ရေတိုနဲ့ပြီးသွားမှာမဟုတ်ဘဲ တပ်မတော်မပြိုကွဲမချင်း၊ တပ်မတော်နဲ့ပြည်သူ သွေးမကွဲမချင်း၊ မြန်မာနိုင်ငံကို ၎င်းတို့အလိုကျ ကြိုးကိုင်လို့မရမချင်း အကြောင်းပြချက်အမျိုးမျိုး၊ အသွင်အမျိုးမျိုးနဲ့ ရေရှည်ဆင်နွှဲနေမယ့် စစ်ပွဲတစ်ခုဖြစ်လို့ တပ်မတော်နဲ့ ပြည်သူစည်းလုံးညီညွတ်မှုအားနဲ့ တုံ့ပြန်သွားကြရမှာ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူအကြား၊ ပြည်သူအချင်းချင်းအကြား သွေးကွဲဖို့အတွက် ရေးသားထားတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေ မပျံ့နှံ့ဖို့ကိုလည်း ပြည်သူတွေဘက်က တာဝန်သိသိနဲ့ အပြည့်အဝကာကွယ်သွားဖို့ လိုအပ်ပါတယ်။

ဒါ့ကြောင့် မီဒီယာကို လက်နက်သဖွယ်အသုံးချကာ သတင်းအတု၊ သတင်းအမှားတွေကို ရေးသားဖော်ပြပြီး ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ဆောင်နေတာကို ပြည်သူလူထုအနေနဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နဲ့အတူ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်နဲ့ လက်တွဲ ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# ရှမ်းပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာများ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ မီးလင်းရေး၊ ရေရရှိရေး၊ လမ်း၊ တံတားများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနေမှုအခြေအနေကို တင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ သမဝါယမသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ သမဝါယမဦးစီးဌာနအနေဖြင့် ကျေးရွာများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းအဖွဲ့စနစ် အောင်မြင်ဖြစ်ထွန်းရေး၊ အရင်းအနှီးရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကာ ဒေသဖွံ့ဖြိုးရေးနှင့် သမဝါယမလုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းပြောကြားပြီး သမဝါယမ သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော (၂၅) ခုတင်ဆံ့ ကိုအော့ပ် (Co-Op) ဆေးရုံသို့လည်းကောင်း၊ ညောင်ရွှေမြို့ သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကလောမြို့နယ် အင်းမိုးကျေးရွာသို့ ရောက်ရှိကာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ကလောမြို့ ရွှေကလော အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်ဆန်ဆိုင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂)ကို မေ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ - လမ်း မဟာနဝရတ်ကွန်ဒိုရှိ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးခန်း၌ ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်က စာကြည့်တိုက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ခရိုင်တာဝန်ခံများအနေဖြင့် မိမိတာဝန်ကျရာ ခရိုင်များရှိ စာကြည့်တိုက်များနှင့် အမြဲထိတွေ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှင်သန်လည်ပတ်နေသည့် စာကြည့်တိုက်များကိုထောက်ပံ့ပေးရန် လိုအပ်ကြောင်း၊ အသစ်ဖွဲ့စည်းမည့်ခရိုင် ၁၄ ခုတွင် စံပြစာကြည့်တိုက်များ ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်များကို အနှစ်သာရနှင့် အသွင်သဏ္ဌာန်များ ပြည့်စုံကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ဝန်ဆောင်မှုများပေးရန်၊ ပြည်သူများ လွတ်လပ်လွယ်ကူစွာလေ့လာဖတ်ရှုနိုင်ရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန်အတွက်စာကြည့်တိုက်များကို ပြည်သူလူထုလက်လှမ်းမီစွာ အသုံးပြုနိုင်ရန်နှင့် တန်ဖိုးထားချစ်မြတ်နိုးတတ်စေရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးဆန်းဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စာကြည့်တိုက်များအတွက် တိုင်းဒေသကြီးအစိုးရ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုဘဏ္ဍာငွေအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များက စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ်သင်ကြား

**နေပြည်တော် မေ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှစတင်၍ ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ကျောင်းများ၌ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ကျောင်းပြန်လည်တက်ရောက်လျက်ရှိကြသည်။



**ဆောင်ရွက်ပေးလျက်ရှိ**

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထုလုံခြုံရေးအဖွဲ့များပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖွင့်လှစ်ခဲ့**

ထိုသို့ ပြန်လည်ဖွင့်လှစ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှစ်ခုနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၃ ခု၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၇ ခု၊ ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီကောလိပ် ၂၅ ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ် ၆၀၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်လေးခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ၂၂ ခု တို့ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**နေပြည်တော် မေ ၁၃**

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၈-၄-၂၀၂၂ ရက်နေ့မှ ၁၃-၅-၂၀၂၂ ရက်နေ့အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၀ ဒသမ ၂၀၀ သန်းဖြစ်သည်။ ၁၃-၅-၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၈-၄-၂၀၂၂ ရက်ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၂,၅၅၆,၆၈၈,၆၉၂.၅၃ |
| (+) ၁၈-၄-၂၀၂၂ မှ ၁၃-၅-၂၀၂၂ ရက်အထိ ရရှိငွေ | ၂၀၀,၀၀၀.၀၀ |
| ၁၃-၅-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၂,၅၅၆,၈၈၈,၆၉၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၈-၄-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂,၂၆၈,၃၄၉.၅၃ |
| (+) ၁၈-၄-၂၀၂၂ မှ ၁၃-၅-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | - |
| ၁၃-၅-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂,၂၆၈,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၁၈-၄-၂၀၂၂ ရက်နေ့မှ ၁၃-၅-၂၀၂၂ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၉-၄-၂၀၂၂ | ၁၀၀,၀၀၀ |
| ၁ | ဦးမျိုးမြင့်မောင်+ ဒေါ်ခင်မြတ်မြတ်ထွေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| | | |
| | ၁၂-၅-၂၀၂၂ | ၁၀၀,၀၀၀ |
| ၁ | ဒေါ်ခင်သီစံ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| | | |
| | (၁၈-၄-၂၀၂၂ ရက်နေ့မှ ၁၃-၅-၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း | ၂၀၀,၀၀၀ |

**မှတ်ချက်။** (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**






## မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းတွင် အခြေခံပညာ ကာယဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကြီးမှူး၍ အခြေခံပညာကာယ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားသင်တန်းသူများအတွက် အာဟာရဖြည့်စွက်စာအဖြစ် ချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းနှီးစွာနှုတ်ဆက်ခဲ့သည်။

ယခုဖွင့်လှစ်သည့်သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကာယဆရာ ဆရာမ ၁၀၁ ဦး တက်ရောက်ကာ မေ ၁၅ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဆင်းပွဲကျင်းပ



**ရန်ကုန် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ကျင်းပသော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် ပြန်လည်ထူထောင်ရေးစခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးရာ သင်တန်းဆင်းကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မူးယစ်ဆေးသုံးစွဲသူ လျော့နည်းစေရန်**

အဆိုပါ သင်တန်းကို ပြန်လည်ထူထောင်ရေး ခံယူပြီးသူများအနေဖြင့် ၎င်းတို့၏ ပတ်ဝန်းကျင်ကို ပြန်လည်ရောက်ရှိသည့်အခါ မူးယစ်ဆေးပြန်လည်မသုံးစွဲမိစေရန်အတွက် ရပ်ရွာလူထုနှင့် ပူးပေါင်းကြီးကြပ်သွားရန်၊ မူးယစ်ဆေးသုံးစွဲသူဦးရေ လျော့နည်းပပျောက်စေရန်၊ ဆုံးရှုံးနေသည့် မူးယစ်ဆေးသုံးစွဲသူ လူငယ်များ၏လုပ်အားကို နိုင်ငံတော်၏ ထုတ်ကုန်လုပ်ငန်းများတွင် အံဝင်ခွင်ကျ ပြန်လည်ပါဝင်လာစေရန်၊ ရပ်ရွာအတွင်း အခြေပြု ပြန်လည်ထူထောင်ရေး နည်းစနစ်များ ပြန့်ပွားခိုင်မာလာအောင် တည်ဆောက်ပေးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ မေ ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လင်းရာမ**



# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်ကိုင်း မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးမျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်ရေး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရေး၊ မြန်မာ့ဂီတ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ဆက်လက်ထွန်းကားပြန့်ပွားရေးတို့အတွက် ရည်ရွယ်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအနေဖြင့်လည်း (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ အလိုက် ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ကော်မတီများအလိုက် တာဝန်ရှိသူများအားလုံးက မိမိတို့ဖြတ်သန်းလာသည့် အတွေ့အကြုံကောင်းများနှင့်ပေါင်းစပ်ပြီး လာမည့် (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ တိုင်းဒေသကြီးအနေဖြင့် ရလဒ်ကောင်းများရရှိစေရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်နှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းတို့က ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ကော်မတီများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကလေးခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အသီးသီးဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၂ -၂၀၂၃ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်တတ်ရန်၊ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောတတ်ရန် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ယက်မကျေးရွာ စာသင်ကျောင်းအတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်နေမှုများ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ယက်မကျေးရွာရှိ စာသင်ကျောင်းအတွင်း PDF အမည်ခံအကြမ်းဖက်သမားများက ဝင်ရောက်နေထိုင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ခဲ့မှုများကို ယနေ့ညနေပိုင်းတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများသည် လက်ယက်မကျေးရွာရှိ စာသင်ကျောင်းအတွင်း အခြေပြုနေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ စီစဉ်လုပ်ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် အခြေခံပညာအထက်တန်းကျောင်း (လက်ယက်မ)အတွင်းသို့ သွားရောက်စစ်ဆေးစဉ် မသင်္ကာဖွယ်ရာ အမျိုးသားသုံးဦးအား တွေ့ရှိရသဖြင့် စစ်ဆေးရန် ခေါ်ယူခဲ့ရာ ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး အဆိုပါကျောင်းအတွင်း အသေးစိတ်စစ်ဆေးခဲ့ရာ လက်လုပ်သေနတ် ၃၁ လက်၊ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်ရှော့တိုက်ဒုံး ၁၂ လုံး၊ လက်လုပ်မိုင်း ၁၀ လုံး၊ လက်လုပ်သေနတ်ပြုလုပ်ဆဲ ၁၀ လက်၊ လက်လုပ်မိုင်းပြုလုပ်ဆဲ ၇၂ လုံး၊ လက်လုပ်ဗုံးသီးမျိုးစုံ ၁၅ လုံး၊ ယမ်းမှုန့် ၅၀ ကျပ်သားခန့်ရှိ ၁၇ ထုပ်၊ မီးစက် ၃၅ ကောင် နှစ်လုံးအပါအဝင် လက်လုပ်လက်နက်ခဲယမ်းများ ပြုလုပ်သည့် ဆက်စပ်ပစ္စည်းများနှင့် မော်တော်ဆိုင်ကယ် နှစ်စီးနှင့် အမျိုးသားအလောင်း သုံးလောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော စာသင်ကျောင်းများအတွင်း အကာအကွယ်ရယူကာ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့်အပြင် အကြမ်းဖက်မှုများပြုလုပ်ရန်အတွက် တရားမဝင်လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ပြုလုပ်နေခြင်းသည် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးခြင်းဖြစ်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်မှုများကြောင့် ပုလဲမြို့ မြသိန်းတန်ကျောင်းတိုက်ရှိ ကိုရင် တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့အတွင်း ယနေ့ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းကြောင့် မြသိန်းတန်ကျောင်းတိုက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့၍ ကိုရင် တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ဇီးဖြူကုန်းကျေးရွာ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နှင့် မေ ၁၀ ရက်တို့တွင် လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခုခံကာကွယ်မှုများကြောင့် ၎င်းတို့အထိနာကာ ဆုတ်ခွာထွက်ပြေးခဲ့ရမှုအပေါ် မကျေနပ်ခဲ့သည့်အတွက် ယနေ့ညနေပိုင်းတွင် ပုလဲမြို့ပေါ်သို့ လက်လုပ်စိန်ပြောင်းများဖြင့် ဦးတည်ရာမဲ့ ရမ်းသန်းပစ်ခတ်မှုများကြောင့် ဘုန်းတော်ကြီးကျောင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ကာ ကိုရင်တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဒဏ်ရာရ ဆရာတော်များ၊ ကိုရင်နှင့် ကပ္ပိယတို့အား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပီတန်း၊ Kurash နှင့် Rowing အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေး






**ဗီယက်နမ် မေ ၁၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပီတန်း (အမျိုးသား/အမျိုးသမီး)အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့ရှိ National Sports Training Center ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာအားကစားအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဗိုလ်လုပွဲသို့တက်ရောက်ခဲ့**

အဆိုပါပြိုင်ပွဲတွင် ပီတန်းအားကစားသမား မခင်ချယ်ရီသက်သည် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။ ပွဲဦးထွက်ပြိုင်ပွဲတွင် မခင်ချယ်ရီသက်သည် ပြိုင်ဘက်အသင်းဖြစ်သော ငါးနိုင်ငံမှ အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရမှတ်အများဆုံးဖြင့် နံပါတ် ၁ နေရာရရှိခဲ့ပြီး နံပါတ် ၄ နေရာမှ ကမ္ဘောဒီးယားနိုင်ငံနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက်ဗိုလ်လုပွဲ ပွဲစဉ်တွင် လာအိုအသင်းမှ အားကစားသမားနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မခင်ချယ်ရီသက်က လာအိုအားကစားသမား Kip Thepphakan ကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်ကာ ပီတန်းအားကစားသမား မောင်ဝင်းသူရိန်ထွန်းကလည်း ကြေးတံဆိပ်ဆုရရှိခဲ့သည်။

ဆက်လက်ပြီး Hoai Duc Gymnasium ၌ Kurash အားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပရာ (-၇၀)ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် မဖြိုးဆွေဇင်ကျော်သည် ဗီယက်နမ်အားကစားသမားကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ (-၇၃) ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် မောင်စိုးမြင့်ထွန်းက ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် Hai Phong မြို့၌ Rowing အားကစားပြိုင်ပွဲများကို ကျင်းပရာ အမျိုးသမီး နှစ်တက်လှော်ပြိုင်ပွဲတွင် မရွှေဇင်လတ်နှင့် မနီလာဝင်းတို့က ကြေးတံဆိပ်ဆုကို လည်းကောင်း၊ Ha Noi National Sports Training Center ၌ ကျင်းပလျက်ရှိသော ကာယဗလ ကာယအလှအားကစားပြိုင်ပွဲ ၅၅ ကီလိုတန်းတွင် မောင်ကျော်မင်းသန်းက ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဗီယက်နမ်နိုင်ငံသို့ မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ် ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၁၃**




ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ်သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာကြသည်။

မြန်မာအားကစားအဖွဲ့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ်တွင် လက်ဝှေ့အားကစားနည်းမှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး၊ သေနတ်ပစ်အားကစားနည်းမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး၊ တိုက်ကွမ်ဒို အားကစားနည်းမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကနူး/ကယက် လှေလှော်အားကစားနည်းမှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ငါးဦးနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ လိုက်ပါသွားကြောင်း သိရသည်။

ဆက်လက်၍ မြန်မာအားကစားအဖွဲ့ ပဉ္စမအသုတ်သည် မေ ၁၆ ရက်တွင် လည်းကောင်း၊ ဆဋ္ဌမအသုတ်သည် မေ ၂၀ ရက်တွင် လည်းကောင်း မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့သို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးဂိမ်းဘော်လီဘောပြိုင်ပွဲ ပထမနေ့တွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် မေ ၁၃**

(၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲ ပထမနေ့ကို ယနေ့တွင် ဗီယက်နမ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် လက်ရှိချန်ပီယံ အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရပြီး သုံးပွဲပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၂-၂၅ မှတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း နောက်ထပ်ပွဲငယ်နှစ်ပွဲတွင် အင်ဒိုနီးရှားအသင်းက အမှတ်အသာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ဒုတိယပွဲငယ်တွင် ၂၅-၁၇ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၁၉ မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲကို အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာ၊ မလေးရှား၊ အုပ်စု(ခ)တွင် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းတို့ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် မေ ၁၅ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ကိုညီလေး**

**❖ ဆီးဂိမ်းအမျိုးသမီးမှ**

မြန်မာအသင်းသည် ခင်မာလာထွန်း၊ ဝင်းသီတာထွန်း၊ ခင်သန်းဝေ၊ မြတ်နိုးခင်၊ မေဇင်နွယ်စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ထိုင်းအသင်းကလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ ထိုင်းအသင်းသည် ပွဲစကတည်းက ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့ပြီး ၁၃ မိနစ်တွင် မာခ်ရစ်က ပင်နယ်တီဧရိယာထိပ်မှ ကန်သွင်းကာ ဦးဆောင်ဂိုးရယူပေးခဲ့သည်။

ပထမပိုင်းတွင် မြန်မာအသင်းတိုက်စစ်ကစားပုံမှာ လိုအပ်ချက်များရှိနေသဖြင့် ချေပဂိုးပြန်မသွင်းနိုင်ဘဲ ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးရရန် ကြိုးပမ်းခဲ့သဖြင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ထိုင်းအသင်းက ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် မြန်မာအသင်း သက်သာခဲ့ရသည်။ ၇၆ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဝင်းသီတာထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)ဒုတိယနေ့အပြီးတွင် မြန်မာနှင့် ထိုင်းအသင်းက လေးမှတ်စီ၊ စင်ကာပူအသင်းက သုံးမှတ်ရထားပြီး လာအိုအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၅ ရက်တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**❍ ကျောဖုံးမှ**

မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဗီယက်နမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် နောက်ဆုံးပွဲအထိ ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်ကို အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း မိနစ် ၇၀ ကျော်တွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**ခံစစ်ကို စနစ်တကျကစားနိုင်ခဲ့**

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအနည်းငယ်သာပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်နှစ်ပွဲတွင် ကစားခဲ့သည့် ကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သည်။ အိမ်ရှင်ဗီယက်နမ်အသင်းသည် ကွင်းလုံးပြည့်ပရိသတ်အားဖြင့် အသာစီးရယူရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်းသည် ခံစစ်ကို စနစ်တကျကစားနိုင်ခဲ့သလို တန်ပြန်တိုက်စစ်ဖြင့်လည်း ဗီယက်နမ်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။

ပထမပိုင်းတွင် ဗီယက်နမ်အသင်းက ပိုမိုဖိကစားနိုင်သော်လည်း ဂိုးပေါက်တည့်မှုအနည်းငယ်သာရှိခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက မောင်မောင်လွင်နှင့် ဟိန်းထက်အောင်တို့ကို ပြောင်းလဲအသုံးပြုခဲ့ပြီး တိုက်စစ်မြှင့်ခဲ့သည်။ ၇၅ မိနစ်တွင် ဗီယက်နမ်အသင်းက ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် ဒိုဟောင်ထရောင်ဒေါင်က သွင်းယူခဲ့သည်။

**အပြိုင်ဖြစ်နေ**

အုပ်စု(က)အခြားပွဲတွင် အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်စီရထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အပြိုင်ဖြစ်နေသည်။ ပွဲကုန်လေးပွဲကစား လေးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်း၊ သုံးပွဲကစား ရမှတ်မရသေးသည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - VFF**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၆၈,၂၀၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၁၆) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၆၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၀၇၃) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၂၅) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၈၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၀၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၆၄) ခု | (၁၅) ဦး |
| စုစုပေါင်း | (၉,၈၄၈) ခု | (၂၈) ဦး |

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၀၆၆၃၇၉ | ၈၁၁၆၃၆၈၉ | ၁၀၂၆၁၀၉ |
| ၂။ | အိန္ဒိယ | ၄၃၁၁၆၆၀၀ | ၄၂၅၇၃၄၆၀ | ၅၂၄၁၉၀ |
| ၃။ | ဘရာဇီး | ၃၀၆၃၉၁၃၀ | ၂၉၇၀၃၉၀၄ | ၆၆၄၇၀၀ |
| ၄။ | ပြင်သစ် | ၂၉၀၉၇၅၇၀ | ၂၈၀၁၇၂၄၇ | ၁၄၇၁၅၉ |
| ၅။ | ဂျာမနီ | ၂၅၆၆၅၉၁၀ | ၂၃၈၇၅၇၀၀ | ၁၃၇၆၂၈ |
| ၆။ | ဗြိတိန် | ၂၂၁၅၉၆၁၅ | ၂၁၆၃၇၈၇၂ | ၁၇၆၇၀၈ |
| ၇။ | ရုရှား | ၁၈၂၅၀၂၉၀ | ၁၇၆၃၃၆၀၁ | ၃၇၇၄၆၄ |
| ၈။ | တောင်ကိုရီးယား | ၁၇၇၂၇၀၈၆ | စိစစ်ဆဲ | ၂၃၆၀၆ |
| ၉။ | အီတလီ | ၁၆၉၅၄၇၈၄ | ၁၅၇၇၁၁၂၅ | ၁၆၄၉၇၆ |
| ၁၀။ | တူရကီ | ၁၅၀၅၀၂၂၇ | ၁၄၉၄၇၉၂၀ | ၉၈၈၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၉၀၄၇၁ | ၉၃၃၄၉၆၄ | ၄၃၀၆၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၀၂၁၁ | ၅၈၈၈၈၂၅ | ၁၅၆၄၄၈ |
| ၃။ | မလေးရှား | ၄၄၇၀၄၇၁ | ၄၄၀၈၀၄၃ | ၃၅၆၀၂ |
| ၄။ | ထိုင်း | ၄၃၆၁၀၁၆ | ၄၂၅၅၇၈၅ | ၂၉၃၇၀ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၇၇၄၈ | ၃၆၂၄၁၇၁ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၃၂၅၅၉ | ၁၁၅၈၃၈၅ | ၁၃၆၁ |
| ၇။ | မြန်မာ | ၆၁၃၁၁၆ | ၅၉၂၀၇၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၃၂၁ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၄၁၃၆ | ၁၄၂၃၁၈ | ၂၂၀ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၉ | ၃၀၅၆ |

## ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များခွင့်ပြု ထုတ်ပေး

တောင်ကြီး မေ ၁၃

အလုပ်သမားဝန်ကြီးဌာန ပြည်နယ်လူမှုဖူလုံရေးရုံးမှ ကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ အာမခံအလုပ်သမား၏မိသားစုအား ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးသည့် အခမ်းအနား ကျင်းပသည်။

**ပေးအပ်**

ထို့နောက် ပြည်နယ်လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံ ဒေါ်တင်တင်အောင်က အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော အင်းဝဘဏ်လီမိတက် (တောင်ကြီးဘဏ်ခွဲ)မှ အာမခံအလုပ်သမား ဦးထွန်းနိုင်ဦး၏ အကျိုးခံစားခွင့် ငွေကျပ် ခုနစ်ဆယ့်နှစ်သိန်းအား ဇနီးဖြစ်သူ ဒေါ်လွဲဝေဖြိုးသို့လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးသောင်းက အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော ကမ္ဘောဇဘဏ်လီမိတက် (ပင်းတယဘဏ်ခွဲ)က အာမခံအလုပ်သမား ဒေါ်ခက်ခက်ဝေ၏ အကျိုးခံစားခွင့် ငွေကျပ်သိန်းခြောက်ဆယ်အား ခင်ပွန်းဖြစ်သူ ဦးအာကာမင်းသို့လည်းကောင်း ပေးအပ်ခဲ့သည်။

ကိုယ်ပွား(တောင်ကြီး)



# တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ ဆေးဘက်ဆိုင်ရာ အထောက်အပံ့များပေးမည်

**ဆိုးလ် မေ ၁၃**

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးက မြောက်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ စတင်တွေ့ရှိသည့်အတွက် ကာကွယ်ဆေးနှင့် ဆေးဘက်ဆိုင်ရာအထောက်အပံ့များ ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း တောင်ကိုရီးယားသမ္မတရုံးက ယနေ့ပြောသည်။

မြောက်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအား ပထမဆုံးအကြိမ် စတင်တွေ့ရှိခဲ့သည့် သတင်းထွက်ပေါ်လာပြီးနောက် အဆိုပါစီစဉ်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ရောဂါကာကွယ်တားဆီးရေးစနစ်သည်အရေးပေါ် အမြင့်ဆုံးအဆင့်အထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ပြုံယမ်းက ဆိုသည်။

နိုင်ငံအတွင်းရှိ မြို့များနှင့် ခရိုင်အားလုံးကို အသွားအလာကန့်သတ်မှုများ ချမှတ်ထားပြီး ကိုယ်အပူချိန်တိုင်းတာခြင်းစသည့် ဆောင်ရွက်ချက်များအပါအဝင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်ဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဧပြီလနှောင်းပိုင်းမှစပြီး မြောက်ကိုရီးယားနိုင်ငံ၌ ကိုယ်အပူချိန်မြင့်တက်သူပေါင်း ၃၅၀၀၀၀ ကျော်ရှိပြီး ယင်းတို့အနက် ၁၈၀၀၀၀ ကျော်ကို ခွဲခြားစောင့်ကြည့်မှုများနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားခဲ့သည်။

ခေါင်းဆောင်ကင်ဂျုံအန်က နိုင်ငံ၏ အရေးပေါ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနချုပ်သို့ ယမန်နေ့ကသွားရောက်လည်ပတ်ခဲ့သည်။

ခေါင်းဆောင်ကင်က နှာခေါင်းစည်းဝတ်ဆင်ပြီး အဆိုပါဌာနချုပ်၌ တာဝန်ရှိသူများအား လမ်းညွှန်ပြောဆိုနေပုံများကို မှတ်တမ်းတင်ဗီဒီယိုများတွင် ကြည့်ရှုနိုင်သည်။

အိုမီခရွန်ဗီဇပြောင်းမျိုးကွဲ ကူးစက်ခံရသူများ၏ ရောဂါလက္ခဏာများဖြစ်ပေါ်လာပုံနှင့် ရောဂါမည်သို့ ကူးစက်ခံရသလဲဆိုသည့် အသိပညာပေးသော ကျန်းမာရေးဆိုင်ရာ ပညာပေးရုပ်သံလိုင်းကို အထူးအစီအစဉ်အဖြစ် နိုင်ငံပိုင်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိသည်။

တောင်ကိုရီးယား သမ္မတ၏ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ပေးမှုများကို ခေါင်းဆောင်ကင်က လက်ခံမည်လားဆိုသည်မှာ လက်ရှိအချိန်အထိ ရှင်းလင်းစွာ မသိရသေးပေ။



တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုး

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၄၅၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၄၅၁ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၇၂၇၀၈၆ ဦး ရှိလာကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်းမတ်လလယ်က အိုမီခရွန်ဗီဇပြောင်းမျိုးကွဲ ကူးစက်မှုများ မြင့်တက်လာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့သဖြင့် နေ့စဉ်ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၂၆၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၅၂ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၆၀၆ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၄၄၅၅၉၉၂၃ ဦးရှိပြီး ကာကွယ်ဆေး အပိုဆောင်း ထိုးနှံပြီးသူ ၃၃၂၁၁၇၉၅ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၂၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၁၃**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၂၇ ဦး ထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် မေ ၁၂ ရက်က တွေ့ရှိမှုထက် ၁၇၂၃ ဦးလျော့နည်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးအနက် တစ်ဦးသာလျှင် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန်အားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ရောဂါကူးစက်ခံရသူ ၄၉၅ ဦးသည် မြို့တော်ဟနွိုင်းမှဖြစ်ပြီး ၁၂၃ ဦးသည် ငဲန်အန်ခရိုင်နှင့် ၁၂၀ သည် ဖူသိုခရိုင်တို့မှ တွေ့ရှိခဲ့ကြောင်း သိရသည်။

**သေဆုံးသူပေါင်း ၄၃၀၆၃ ဦးရှိ**

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၆၉၃၁၄၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၆၃ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၃၄၄၀၂၉ ဦး(ရောဂါကူးစက်ခံရသူများ၏ ၈၇ ရာခိုင်နှုန်း)သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၆ ဒသမ ၅ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၁၉၆ ဒသမ ၉ သန်းအား အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်း ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းနီးပါးရှိပြီဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးပြောကြား

**ဘရာဇီဘီလီ မေ ၁၃**

အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား ဖြေလျှော့ခဲ့ခြင်းအပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲ ကူးစက်မှုများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်များပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားသည်။

အာဖရိကဒေသ၌ မေလပထမပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၈၇၈ ဦး ထပ်မံတွေ့ရှိရပြီး ၎င်းအရေအတွက်သည် မေလပထမပတ်မတိုင်မီ သီတင်းပတ်များကထက် ၃၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

တောင်အာဖရိကဒေသ၌ ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများသည် အာဖရိကဒေသတစ်ခုလုံးတွင် လက်ရှိဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ၏ ၈၇ ရာခိုင်နှုန်းကို ကိုယ်စားပြုနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အာဖရိကဒေသဆိုင်ရာရုံးမှ တာဝန်ရှိသူ အဒို ဆာလန် ဂူရီက ပြောကြားသည်။



တောင်အာဖရိကဒေသရှိ အက်စ်ဝါတီနီနှင့် နမီးဘီးယားနိုင်ငံများ၌ ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်ခဲ့ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း တောင်အာဖရိကဒေသ၌ အိုမီခရွန်မျိုးကွဲတစ်မျိုးဖြစ်သည့် ဘီအေ-၂ ဗီဇပြောင်းမျိုးကွဲကူးစက်ခံရသူ ၁၃၆၉ ဦးနှင့် ဘီအေ-၄ ဗီဇပြောင်းမျိုးကွဲ ကူးစက်ခံရသူ ၇၀၃ ဦးနှင့် ဘီအေ-၅ ဗီဇပြောင်းမျိုးကွဲ ကူးစက်ခံရသူ ၂၂၂ ဦး တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ လက်ရှိအချိန်သည် အာဖရိကနိုင်ငံများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ရန် အချိန်ရောက်ရှိနေကြောင်း ဂူရီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# မြောက်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံး သေဆုံးသူတွေ့ရှိ

**ပြုံယမ်း မေ ၁၃**

မြောက်ကိုရီးယားနိုင်ငံ၌ ယမန်နေ့က တွေ့ရှိခဲ့ရသည့် ကိုယ်အပူချိန်မြင့်တက်နေသူ လူနာ ခြောက်ဦးသေဆုံးသွားခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ယနေ့ပြောကြားသည်။

ယမန်နေ့က နိုင်ငံအတွင်း ကိုယ်အပူချိန်မြင့်တက်သည့် လူနာ ၁၈၀၀၀ ကို တွေ့ရှိခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ပြောကြားသည်။

နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ရေးစင်တာသို့ယမန်နေ့က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ မြို့တော်များနှင့် ခရိုင်များအားလုံး၌ အသွားအလာကန့်သတ်မှုများချမှတ်ရန် ကင်ဂျုံအန်က တာဝန်ရှိသူများအား ပြောကြားခဲ့ပြီး ၎င်းကိုယ်တိုင်လည်း အစည်းအဝေးအတွင်း နှာခေါင်းစည်းဝတ်ဆင်ထားခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစနစ်တွင် ချို့ယွင်းချက်များရှိကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ရောဂါကူးစက်ခံရသူများအား အလေးထားစောင့်ရှောက်ရန်နှင့် လိုအပ်သည့် ဆေးဝါးများပေးအပ်နိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးမှာ အလုပ်သမားပါတီ၏ အရေးကြီးတာဝန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - စိုးသူရ**

## မြို့နယ်အချို့၌ နိုင်ငံ့ဝန်ထမ်းအချို့ကို လက်နက်ကိုင်အကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်

နေပြည်တော် မေ ၁၃

တိုင်းဒေသကြီး၊ ပြည်နယ်များရှိမြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသောပြည်သူလူထုအချို့အား လူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်လည်းကောင်း၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ရိုးသားစွာဖြင့် နိုင်ငံတော်အပေါ်သစ္စာစောင့်သိ၍ အလုပ်တာဝန်များ ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများကို လူအုပ်စုဖွဲ့၍ လက်နက်အားကိုးဖြင့် အတင်းအကျပ် CDM ပြုလုပ်စေပြီး CDM ပြုလုပ်ခြင်းမရှိသူ နိုင်ငံ့ဝန်ထမ်းများအားလည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုများအား "သူလျှို၊ ဒလန်၊ သတင်းပေး"ဟု စွပ်စွဲ၍လည်းကောင်း၊ ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ်


ဦးချန်နူး (သေဆုံး)


ဦးကျော်ငြိမ်း (သေဆုံး)

အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သူများက တုတ်၊ ဓား၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ မေ ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့(၂)ရပ်ကွက်နေ အခြေခံပညာ အထက်တန်းကျောင်း (သံတောင်) အထက်တန်းပြဆရာ ဦးကျော်ငြိမ်း (၃၆) နှစ် (ဘ)ဦးထင်ကျော်သည် နေအိမ်ဈေးဆိုင်၌ တစ်ရပ်ကွက်တည်းနေ ဦးချန်နူး(၄၁)နှစ်(ဘ)ဦးလုပ်ချန်နှင့်အတူ စကားပြောနေစဉ် အကြမ်းဖက်သူအမျိုးသားနှစ်ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသဖြင့် ဦးကျော်ငြိမ်းနှင့် ဦးချန်နူးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်တွင် အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁၃

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နေ မXXXX၊ ၁၃ နှစ်သည် ၂၀၁၈ ခုနှစ် မတ်လက ၎င်းအလုပ်လုပ်ကိုင်နေသည့် လားရှိုးခေါက်ဆွဲဆိုင်သို့ မိခင်ဖြစ်သူ၏သူငယ်ချင်းဖြစ်သူ မမိုးသူ(ခ) သော်သော်ဦး ၅၂ နှစ် (ဘ)ဦးမောင်ချူး၊ အလယ်ကုန်းရပ်ကွက် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်နေသူ ရောက်ရှိလာပြီး ၎င်းနှင့်အတူ တရုတ်နိုင်ငံတွင် ဈေးရောင်းသည့်အလုပ် လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ်ငါးသိန်းကျော်ခန့်ရရှိမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားကာ တရုတ်လူပွဲစားအမျိုးသမီး(အမည်မသိ)နှင့် ပူးပေါင်း၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရှီတုန်းခရိုင် အဲ့တင်မြို့ ဆာထန်ခန်းကျေးရွာ အုပ်စု(၄)နေ တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေရဲစခန်း(ပ)၁၃/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄ ဖြင့် အမှုရေးဖွင့်၍ မိုးညှင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မိုးသူ(ခ)သော်သော်ဦးကို မေ ၁၂ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄ အရ ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး လွှဲပြောင်းပေးအပ်



ကျောက်တံခါး မေ ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်မ်းရောင်ကျေးရွာစီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငွေးကုန်းကျေးရွာအုပ်စု ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေ၏ ၅၀ရာခိုင်နှုန်း (၂၂ ဒသမ ၂၇ သန်း) ဖြင့် ကျေးရွာတွင်းလမ်းအား ဂဝံခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် တာဝန်ခံ ဝန်ထမ်းများက ယမန်နေ့တွင် လုပ်ငန်းအပ်နှံပြီး လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၂၂

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၂ မျိုး (၁၃၄၄၂၅ ဒသမ ၈၄ ကီလိုဂရမ်)၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီ တစ်ခုမှ Sai B6 Injection ၁၈၁၂၀၊ Vitamin C Tablect ၃၁၂၀၊ Sai Oral Rehydration Salt Powder ၁၆၁၆ ခု၊ Disposable Syringe ၁၉၈၀၆ ခုတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၅-၂၀၂၂ စနေနေ့

**MRTV HD**

- ၀၅:၄၅ မန္တလေးမြို့ လေးပြင်လေးရပ်ရှိသံဃာတော် ၁၀၂၆ ပါးအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများလောင်းလှူပူဇော်ခြင်း မဟာမဂ်လာအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၀၈:၃၅ ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော်
- ၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၁၀ SEA Games Vietnam (Highlights)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြတ်စွာဘုရားနှစ်သက်သောဘဝနေထိုင်နည်းတရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အငေးဆုံးသောနေရာ**' (အပိုင်း-၃၀)
- ၁၅:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း '**မိုဒိုရာ**' (သီလ)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'စဉ်စားဆင်ခြင်ဉာဏ်နဲ့ယှဉ်'
- ၁၆:၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၂၀ ရှုလေမြင်လေကမ္ဘာမြေ
- ၁၇:၄၅ တန်ဖိုးမြင့်ထုတ်ကုန်ပွဲနှင့်သီအစွမ်း
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ SEA Games Vietnam(Highlights)
- ၁၈:၄၀ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၈၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ငွေတိမ်ယံအငြိမ့်

**mitv**

- 07:01 Evergreen Classic: Aung Chin Shit Par
- 07:11 Weekly Review
- 07:27 Kayah
- 07:34 Myanmar Family Life: The Five Precepts
- 07:46 Quiz Time (Ep-14)
- 09:01 News
- 09:26 Global Partnership for Brighter Future: Rwanda Pavilion at Expo 2020 Dubai
- 09:33 Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
- 10:01 Well-trained Elephants
- 10:11 The Ornithologist: Dr. Thein Aung

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရှေးဟောင်းသမိုင်းဝင်ဆန္ဒန်အိုင်
- **ချင်း (လိုင်စိုး) (၀၈:၀၀ မှ ၀၉:၀၀)** သဘာဝမြေသြဇာပြုလုပ်နည်း
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်းရိုးရာကြက်သားသုပ်
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** မွန်တို့အလှ မွန်တို့ရိုးရာဝတ်စုံ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပင်မြင့်သဇင်ပန်းတော်ဝင်
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** တောင်ပေါ်မြို့ကပြာရည်ထုပ်
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** မနောမြေမှစွန်ဦးတီထွင်သူနှင့်တွေ့ဆုံခြင်း
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာစလေ့ဆိုရိုးစကားများ (အပိုင်း-၁)
- **ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၃:၀၀)** တောင်ကျွန်းရွာသို့အလည်တစ်ခေါက်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၁၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၀၉:၁၅ 31st SEA Games Highlight
- ၁၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၀:၁၅ ဒီမိုကရေစီဆိုရာဝယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အပေါင်းအသင်း**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ကဆုန်လပြည့်ဗုဒ္ဓနေ့ပါဝင်နွဲပျော် ညောင်ရေသွန်းပွဲတော်
- ၀၆:၅၀ ကလောမှာထင်ရှား "ရွှေဥမင်ဘုရား"
- ၀၇:၂၅ စွမ်းစွမ်းတမံမြစ်သားခြံ
- ၀၇:၄၅ ရေထွက်သားငါးအလွန်ပေါများ ထူးခြားတဲ့ဒူးယား
- ၀၈:၂၀ စာသင်ခန်းမှသည်လယ်တောဆီ
- ၀၉:၀၀ ရာမညသို့ခရီးတစ်ခေါက်

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ မြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm　t.me/mrtvnews　twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၈၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၅၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများဆောင်ရွက်

ပေါက်ခေါင်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကလေးငယ်များသွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့ပေါ် ရပ်ကွက်များအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုးကြိုကာလ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်များအလွယ်တကူပေါက်ပွားနိုင်သည့် ရေတွင်း၊ ရေကန်များ၊ ရေစည်၊ ရေပုံးများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်များပေါက်ပွားမှုမရှိစေရေးအတွက် အိမ်တိုင်းတွင်ထားရှိသော ဘုရားပန်းအိုးများ၊ မိုးရေများတင်ကျန်နိုင်သည့် တာယာခွံ၊ ရေအိုးဟောင်းများနှင့် ဘူးခွံများတွင် ရေများမတင်ကျန်စေရေး ဆောင်ရွက်ပေးကြပါရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ် ဈေးသစ်ရပ်ကွက်နေ ပီတာဗန်လာလ်ဟရွှေ(ခ) ပီတာသည် ၎င်းအသုံးပြုသည့် "Peter" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဥဿာမြို့သစ် အမှတ်(၇)ရပ်ကွက်နေ စိုင်းနေလင်းသည် ၎င်းအသုံးပြုသည့် "Sai Nay Lin" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်နေ စန်းမင်းသူ(ခ)မင်းမင်း၊ မျိုးနိုင်လင်း(ခ)ဖိုးပိန်တို့သည် ၎င်းတို့အသုံးပြုသည့် "Min Min" Facebook အကောင့်၊ "Myo Naing Linn" Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နေ နီကိုရဲသည် ၎င်းအသုံးပြုသည့် "Ni Ko Ye" Facebook အကောင့်၊ တာချီလိတ်မြို့နယ်နေ မေဇွန်(ခ)ကရင်မသည် ၎င်းအသုံးပြုသည့် "May Zon" Facebook အကောင့်နှင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် ငါးဘက်ကြီးကျေးရွာနေ ယမင်းဖွေးသည် ၎င်းအသုံးပြုသည့် "Yamin Phwe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၉-၄-၂၀၂၂)ရက်နေ့မှအဆက်

## ပုဏ္ဏသည် သူဆင်းရဲဘဝမှ သူဌေးကြီးဖြစ်ခြင်း

ရာဇဂြိုဟ်ပြည်၌ "သုမန" မည်သော သူဌေးအိမ်၌ ဆင်းရဲသားတစ်ယောက်သည် လယ်ယာအလုပ်ဖြင့် သူရင်းငှားလုပ်၍ နေသည်။ ၎င်း၏အမည်မှာ "ပုဏ္ဏ" မည်၏။ သူ့တွင် "ဘရိတာ"မည်သော မယားရှိသည်။ "ဥတ္တရာ"မည်သော သမီးတစ်ဦး ရှိပါသည်။ ရာဇဂြိုဟ်ပြည်၌ ပြည်သူများ ပျော်ပါးရန် နက္ခတ်သဘင် ကျင်းပလျက်ရှိသည်။ ၎င်းသည် ဆင်းရဲသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသောကြောင့် အလုပ်ကိုသာ ဦးစားပေး၍ ပျော်ပွဲမသွားပါ။ လယ်ထဲသို့ နွားများယူ၍ လယ်ထွန်လုပ်ကိုင်နေလေသည်။

ထိုအချိန်၌ အရှင်သာရိပုတ္တရာမထေရ်သည် နံ့သာတော၌ နိရောဓသမာပတ် ဝင်စားရာမှ ထသောအချိန်လည်း ဖြစ်ပါသည်။ မထေရ်သည် ယနေ့တွင် မည်သူ့အား ချီးမြှောက်ရမလဲ ကြည့်ရှုသော် ဆင်းရဲသား ပုဏ္ဏကို မြင်လေသည်။ မထေရ်သည် သင်္ကန်းကိုရုံ၍ သပိတ်ကိုလွယ်ပြီး သူဆင်းရဲပုဏ္ဏ လယ်ထွန်နေရာသို့ သွားသည်။

ပုဏ္ဏနေသည့်အရပ်နှင့်နီးသော ရေတွင်းအနီး၌ ချုံကြီးတစ်ခုကို ကြည့်၍ရပ်နေသည်။ ၎င်းပုဏ္ဏသည် အရှင်သာရိပုတ္တရာကို မြင်သည်ရှိသော် ကြည်ညိုသဒ္ဓါတရားပွားများ၍ မထေရ်သည် မြက်ဒန်ပူကို အလိုရှိအံ့ထင်၍ မထေရ်အနီးသို့သွားပြီး မျက်နှာသစ်ရေကို ခပ်ကာ ဒန်ပူကို ကပ်လှူလေသည်။ မထေရ်သည် ၎င်းကပ်သော ဒန်ပူကို သုံးဆောင်ပြီးသောအခါ ပုဏ္ဏ၏မယား ထမင်းလာပို့မည့်လမ်းသို့ ကြွသွားတော်မူသည်။

ပုဏ္ဏား၏မယား ဘရိတာသည် သူ့ခင်ပွန်းအတွက် ထမင်းလာပို့သည်။ ယင်းလမ်းတွင် မထေရ်နှင့်ဆုံလေသည်။ ဘရိတာသည် အရှင်သာရိပုတ္တရာကို မြင်လျှင် ကြည်ညိုသဒ္ဓါတရားပေါက်၍ မထေရ်အား သူ့ခင်ပွန်းအတွက် ယူဆောင်လာသော ထမင်းကိုဆွမ်းအဖြစ် ကပ်လှူလေသည်။ ယင်းသို့လောင်းလှူပြီးသောအခါ ဘရိတာ (ပုဏ္ဏ၏မယား)က ဆုတောင်းခံပါသည်။ ဤဆွမ်းလှူဒါန်းရခြင်းအကျိုးကြောင့် ဒိဋ္ဌဓမ္မအကျိုးခံစားရလိုကြောင်း ဆုတောင်းလေသည်။ မထေရ်က ဘရိတာတောင်းသည့်ဆုကို အလိုတိုင်းပြည့်ပါစေဟုဆို၍ ရပ်လျက်ပင် အနုမောဒနာပြုပြီး ကြွသွားလေသည်။

ဘရိတာသည် ဤလှူလိုက်ပြီးသော ဆွမ်းအတွက် အိမ်ပြန်၍ သူ့ခင်ပွန်းအတွက် ထမင်းချက်ရလေသည်။ ထိုအချိန်၌ ပုဏ္ဏသည် လယ်ထွန်ကာ မောပြီး ထမင်းဆာ၍ လယ်ကန်သင်းကို ခေါင်းဆိုက်၍ အိပ်ပျော်ပြီး သူ့ဇနီးထမင်းလာအပို့ကို စောင့်နေလေသည်။ ဘရိတာသည် အတန်ကြာသောအခါ ပုဏ္ဏထံသို့ ထမင်းနှင့်အတူ ရောက်လာကြလေသည်။ ထိုအကျိုးအကြောင်းကို သူ့ခင်ပွန်း ပုဏ္ဏအား ပြောပြ၍ သူတို့ဇနီးမောင်နှံသည် သူတို့လှူရသော ဆွမ်းအတွက် ကြည်နူးနေကြလေသည်။ သူတို့သည် ပျူပျူငှာငှာပြောဆိုပြီး ထမင်းစားပြီးသောအခါ ပုဏ္ဏသည် အမောမပြေသေးဘဲ သူ့ဇနီးဘရိတာ၏ ပေါင်ပေါ်တွင် ခေါင်းဆိုက်ကာ အိပ်ပြန်ပါသည်။

ပုဏ္ဏထွန်ထားသော လယ်မြေသည် ရွှေတုံးအတိဖြစ်လျက် တစ်ကွင်းလုံးလုံး ထွန်းတောက်လေသည်။ ပုဏ္ဏသည် အိပ်ရာမှ နိုးသောအခါ ထိုရွှေတို့မြင်သော် အမြန်သွားကြည့်သည်။ ရွှေစင်အစစ်ဖြစ်နေကြောင်း သိရလေသည်။

ပုဏ္ဏသည် သူ့ဇနီးအား ဤသို့ဖြစ်ရခြင်းမှာ မထေရ်ကို လှူရသောကြောင့် ဒိဋ္ဌဓမ္မအကျိုးဖြစ်ခြင်းဖြစ်ကြောင်း ပြောပါသည်။ ထို့နောက် ဤရွှေခဲများတို့ကို သူတို့ထမင်းချိုင့်နှင့် အပြည့်ထည့်၍ ဗိမ္ဗိသာရမင်းကြီးအား သွားပြကာ သူတို့ ယခုလို ဖြစ်လာခြင်းသည် အရှင်သာရိပုတ္တရာအား ဆွမ်းကပ်သော အကျိုးကျေးဇူးဖြစ်ကြောင်း လျှောက်ထားလေသည်။

မင်းကြီးသည် သူမင်းချင်းတို့အားစေလွှတ်၍ ရွှေတို့ကိုယူဆောင်စေပြီး မင်းရင်ပြင်တွင် စုပုံစေ၍ ပုဏ္ဏအား သူဌေးတို့၏ အဆောင်အယောင်နှင့်တကွ သူဌေးရာထူးကို ပေးလေသည်။ ပုဏ္ဏသည် မင်းကြီးထံမှ မြေကွက်ကို တောင်းခံ၍ အိမ်ဆောက်လုပ်လေသည်။ ဆောက်လုပ်ပြီးသော် အိမ်တက်မင်္ဂလာပြုပြီး ဘုရားနှင့် ရဟန်းတို့အား ပင့်ဖိတ်၍ ခုနစ်ရက်လုံးလုံး အလှူပေးစေပါသည်။

ဘုရားရှင် ဟောကြားသောတရားကို နာကြားပြီး ပုဏ္ဏမိသားစုသုံးဦးသည် သောတာပန်ဖြစ်သွားလေသည်။

## ဘုရားရှင် ဝေသာလီပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝေသာလီပြည်တွင် ဘေးဆိုးကြီးသုံးမျိုး ဆိုက်ရောက်၍ လူအများ သေကျေပျက်စီးကြကုန်သည်။ ယင်းဘေးဆိုးကြီး သုံးမျိုးမှာ ငတ်မွတ်ခေါင်းပါးခြင်း၊ အနာရောဂါထူပြောခြင်း၊ ဘီလူးဘေးပူးကပ်ခြင်းတို့ ဆိုက်ရောက်နေပါသည်။ ထိုအချိန် လိစ္ဆဝိမင်းခုနစ်ထောင်ကျော်တို့သည် ဝေသာလီပြည်ကို အလှည့်ကျဖြင့် အုပ်ချုပ်မင်းလုပ်သည့်အလေ့ရှိကြသည်။

ဤသို့ဘေးဆိုးကပ်ကြီး ဆိုက်ရောက်သည်ကို ပြည်သူပြည်သားတို့ လိစ္ဆဝိမင်းတို့၏ အပြစ်တစ်စုံတစ်ရာ ရှိ၊ မရှိကို စိစစ်ကြသည်။ စိစစ်သည့်အခါ၌ မင်းတို့၌အပြစ်မရှိကြောင်း သိရသည်။ ထိုဘေးမှ လွတ်မြောက်ရေးကို ဆွေးနွေးကြသည်။ နောက်ဆုံး၌ ဘုရားရှင်ကြွလာလျှင် ဤဘေးဆိုးမှ ဧကန်လွတ်ငြိမ်းပျောက်ကင်းကြမည်ဟု သူတို့အားလုံး ယုံကြည်စွာဆုံးဖြတ်လေသည်။

ဝေသာလီပြည် လိစ္ဆဝိမင်းအပေါင်းတို့သည် လက်ဆောင်များဖြင့် ဘုရားရှင်အား ပင့်ဆောင်ရန် စီစဉ်လေသည်။ ဘုရားရှင်နှင့် ရင်းနှီးမှုရှိသော မဟာလိအမည်ရှိ လိစ္ဆဝိမင်းနှင့် ပုရောဟိတ်၏ သားနှစ်ဦးတို့ကို ဘုရားရှင်အား ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ လက်ဆောင်များနှင့်တကွ စေလွှတ်လေသည်။ ၎င်းတို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းအား လက်ဆောင်များ ဆက်သ၍ ယင်းအကျိုးအကြောင်းကို ပြောပြလျှောက်ထားလေသည်။ ထို့နောက် ဘုရားရှင်ထံသို့လည်း သူတို့ ဝေသာလီပြည်သို့ ကြွရောက်ပါရန် ပင့်ဖိတ်လျှောက်ထားလေသည်။ ဘုရားရှင်သည် ဆင်ခြင်တော်မူ၏။ ဝေသာလီပြည်၌ ရတနသုတ်ကို ဟောကြားတော်မူလျှင် လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့ ဘေးသုံးပါးစလုံး ငြိမ်းရုံမက သစ္စာလေးပါးကို ထိုးထွင်းသိကြလတ္တံ့ဟု မြင်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်က ကြွလာမည်ဖြစ်ကြောင်း ဝန်ခံတော်မူသည့်အချိန်ကား စတုတ္ထဝါကျွတ်သောအချိန်လောက် ဖြစ်လေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင် ဝေသာလီပြည်သို့ ကြွရောက်မည်ကိုသိလျှင် ဘုရားရှင်အား ခေတ္တမျှ စောင့်တော်မူစေသည်။ ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်အကြား ငါးယူဇနာဝေးသည့် လမ်းခရီးကို ညီညာဖြောင့်ဖြူးစွာလုပ်စေပြီး တစ်ယူဇနာရောက်တိုင်း ကျောင်းတစ်ဆောင်စီ ဆောက်လုပ်လျက် ဘုရားရှင်အား ကြွစေတော်မူပါသည်။ မင်းကြီးသည် သူ့ပရိသတ်ခြံရံလျက် ဘုရားရှင် ကြွရာလမ်းသို့ လိုက်ပါကာ ဘုရားရှင်အား ထီးဖြူနှစ်လက်မိုး၍ ဘုရားရှင်နှင့် လိုက်ပါသွားသော ရဟန်းတစ်ပါးစီတွင် ထီးဖြူတစ်လက်စီ မိုးကာ တံခွန်ကုက္ကား၊ ငှက်ပျောပင်တို့ စိုက်စေလျက် ပန်းနံ့သာတို့ ပူဇော်ခြင်းဖြင့် လိုက်ပို့လေသည်။

မင်းကြီးသည် တစ်ယူဇနာရောက်တိုင်း သူဆောက်ထားသည့်ကျောင်းတို့တွင် ဘုရားရှင်နှင့် ရဟန်းတို့အား သီတင်းသုံးစေလျက် အလှူကြီးပေးလှူလေသည်။ ငါးရက်ကြာသောအခါ ဂင်္ဂါမြစ်ကမ်းရောက်သော် လိစ္ဆဝိမင်းတို့ကို ဘုရားရှင်အား ခရီးဦးကြိုပြုရန် အကြောင်းကြားလေသည်။

ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်တို့သည် သုံးယူဇနာကွာဝေးသည်။ လိစ္ဆဝိမင်းတို့သည် ၎င်းခရီးကို ညီညာအောင်ပြုလျက် ဗိမ္ဗိသာရမင်းကြီး ပြုလုပ်သည်ထက်နှစ်ဆတိုး၍ ကြီးကျယ်ခမ်းနားစွာစီရင်ပြီး ဂင်္ဂါမြစ်ဆီသို့ လာကြလေသည်။

ဗိမ္ဗိသာရမင်းကြီးလည်း လှေနှစ်စင်းကို ပူးတွဲ၍ အပေါ်၌ မဏ္ဍပ်ကြီးဆောက်လုပ်ပြီး အခမ်းအနားခင်းကျင်းကာ ရတနာတို့ဖြင့် ပြီးသောနေရာ၌ ဘုရားရှင်အား ရဟန်းတော်များ ခြံရံလျက်နေစေတော်မူလေသည်။ မင်းကြီးသည် ရေထဲသို့ လည်ပင်းအထိဆင်း၍ ဘုရားရှင်ပြန်ကြွလာသည်ကို သူစောင့်နေမည်ဖြစ်ကြောင်း လျှောက်ထား၍ လှေများအား လွှတ်လိုက်လေသည်။

ယင်းလှေတို့သည် တစ်ယူဇနာမျှသွားပြီးသော် ဝေသာလီပြည်နယ်ထဲသို့ ရောက်သွားသည်။ လိစ္ဆဝိမင်းတို့သည် ရေထဲသို့ လည်ပင်းထိအောင် ဆင်း၍ လှေတော်ကို ကမ်းစပ်သို့ဆောင်ပြီး ဘုရားရှင်အား လှေတော်မှ ပင့်ဆောင်သွားလေသည်။ ဘုရားရှင်က ကမ်းနား၌ ခြေတော်ချသည့်တစ်ပြိုင်နက် ပေါက္ခရဝဿမိုးကြီး ရွာသွန်းလေသည်။ ထိုမိုးကြောင့် ပုဆစ်၊ ဒူးခါးမျှအထိ ရေတို့စီးကုန်ကြ၏။ ထိုသို့စီးဆင်းသဖြင့် ဘေးသုံးပါးကြောင့် သေကျေပျက်စီးနေသော လူသေကောင်ပုပ်များ မျောပါသွားလေသည်။ ဤသို့ဖြင့် မြေကြီးသည် သန့်ရှင်းကုန်လေသည်။ လိစ္ဆဝိမင်းတို့သည် တစ်ယူဇနာရောက်တိုင်း ဆောက်လုပ်ထားသော ကျောင်းဆောင်တို့၌ ဘုရားရှင်နှင့်တကွ ရဟန်းတော်များ သီတင်းသုံးတော်မူစေပြီး ဗိမ္ဗိသာရမင်းကြီးထက်နှစ်ဆတိုး၍ လှူဒါန်းပူဇော်ကြလေသည်။ သုံးရက် ကြာသောအခါ ဝေသာလီပြည်သို့ ရောက်လေသည်။ သိကြားမင်းကလည်း နတ်အပေါင်းခြံရံလျက်ရောက်လာလေသည်။ ဘီလူးများသည် ပြေးရှောင်သွားကြလေသည်။

ဘုရားရှင်သည် ညီတော်အာနန္ဒာအား လိစ္ဆဝိမင်းသားတို့နှင့်တကွ မြို့ကို လှည့်ပတ်လျက် ဝေသာလီပြည် တံတိုင်းသုံးခုကြားတွင် သူသင်ကြားပေးထားသော ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ရန် မိန့်တော်မူလေ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်သင်ပေးထားသော ရတနသုတ်ပရိတ်တော်ကို ညဉ့်သုံးယံပတ်လုံး တံတိုင်းသုံးခုကြား၌ လှည့်လည်ရွတ်ဖတ်လေသည်။ အနာရောဂါခံစားနေသော လူနာတို့သည် အရှင်အာနန္ဒာ ရတနသုတ် ရွတ်လိုက်သောကြောင့် အနာရောဂါ ပျောက်ကင်း၍ အရှင်အာနန္ဒာနောက် ခြံရံလျက်လိုက်ပါကြကုန်၏။ ထို့နောက် အရှင်အာနန္ဒာနှင့် ရောဂါပျောက်ကင်းသူ လူနာများ ခြံရံလျက်ဘုရားရှင်အား ဖူးမြော်ကန်တော့ကြလေသည်။ ထိုအခါ ဘုရားရှင်သည် ထိုရတနသုတ်ပရိတ်တော်ကို ဟောကြားတော်မူလေသည်။ ဤသို့အားဖြင့် ဘုရားရှင်သည် ရတနသုတ်ပရိတ်တော်ကို ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူသောကြောင့် ဘေးအန္တရာယ်ငြိမ်းသွားလေသည်။

ဘုရားရှင်သည် ဘေးအန္တရာယ်ငြိမ်းပြီဖြစ်၍ ဝေသာလီမှ ပြန်ကြွတော်မူလေသည်။ လိစ္ဆဝိမင်းတို့သည် အလွန်ဝမ်းမြောက်၍ ဘုရားရှင်အား နှစ်ဆတိုး၍ပူဇော်ပြီး လိုက်ပို့ကြရာ သုံးရက်ဖြင့် ဂင်္ဂါမြစ်သို့ ရောက်လေသည်။

(ဆက်လက်ဖော်ပြပါမည်)



**"ဘုရားရှင်သည် ညီတော်အာနန္ဒာအား လိစ္ဆဝိမင်းသားတို့နှင့်တကွ မြို့ကိုလှည့်ပတ်လျက် ဝေသာလီပြည်တံတိုင်းသုံးခုကြားတွင် သူသင်ကြားပေးထားသော ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ရန် မိန့်တော်မူလေ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်သင်ပေးထားသော ရတနသုတ်ပရိတ်တော်ကို ညဉ့်သုံးယံပတ်လုံး တံတိုင်းသုံးခုကြား၌ လှည့်လည်ရွတ်ဖတ်လေသည်။ အနာရောဂါခံစားနေသော လူနာတို့သည် အရှင်အာနန္ဒာ ရတနသုတ် ရွတ်လိုက်သောကြောင့် အနာရောဂါပျောက်ကင်း၍ အရှင်အာနန္ဒာနောက် ခြံရံလျက်လိုက်ပါကြကုန်၏"**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဘောလုံးပွဲ

သိပ္ပံမောင်ဝ

ထိုနေ့ကား ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ ကျောင်းဆရာ ကျူတာအပေါင်းတို့နှင့်တကွ ရန်ကုန်မြို့ရှိ ဘောလုံးဝါသနာပါသူတို့အတွက် အထူးအရေးကြီးသော နေ့ပေတည်း။ အဘယ်နေ့ကို ဆိုပါသနည်း။ တက္ကသိုလ်ကျောင်းဘောလုံးအသင်းနှင့် ဖရင်းယူနီယံအသင်းတို့ ပထမအကြိမ် ဘောလုံးကစားကြသော ၁၉၃၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ကို ဆိုလိုပါသည်။ ထိုနေ့ကား အခြားလူများထက် မောင်လူအေးအတွက်က ပို၍အရေးကြီးသေး၏။ အဘယ်ကြောင့်ပါနည်း။ ဘီ၊ အေ၊ အေ ဘောလုံးပွဲကို မောင်လူအေး ပထမအကြိမ် ကြည့်သောကြောင့်တည်း။

ရှုံးမှ ဆင်းလျှင်ဆင်းချင်း ခင်သန်းမြင့်ကို ခေါ်ကာ ဘောလုံးပွဲသို့ အတင်းစိုင်းခဲ့၏။ နောက်ကျနေမည်စိုးသောကြောင့် ရင်ထဲတွင် တထိတ်ထိတ်နှင့်နေလေပြီ။ ကားမောင်းသမားအား စက်ကုန်နှင်ခိုင်း၏။ ကားသမားတို့မည်သည် မိမိတို့၏ သခင်ထက် ပုလိပ်တော်မင်းတို့အား ပို၍ကြောက်ကြသူများဖြစ်သောကြောင့် မြန်မြန်မမောင်း၊ မှန်မှန်ပင်မောင်းလေသည်။ မောင်လူအေး မကျေနပ်။ သို့သော် မည်သို့မျှ မတတ်နိုင်။ သို့နှင့် မောင်လူအေးနှင့် ခင်သန်းမြင့်တို့ ဘောလုံးပွဲသို့ ရောက်ကြကုန်၏။ နာရီဝက်ခန့် စောနေသေးသောကြောင့် စိတ်အေး၍ သွားလေသည်။ နေရာကောင်းတွင် ဝင်၍ထိုင်ကြ၏။

အလို ဘုရား…ဘုရား။ ဟိုရှေ့နားက ထိုင်နေတာ တက္ကသိုလ် ဆရာလှိုင်းကြီးထင်ပ။ အစစ်ပေ့ါ သူပါပဲ။ သူ့အနီးအနားတစ်ဝိုက်မှာလည်း တပည့်မတွေနဲ့ ပါကလား။ တကယ့်ဆရာလှိုင်းကြီး ဖြစ်ပေသည်။ ဆရာမှိုင်းကြီးနှင့် တူလှတော့၏။ အကြင်ဆရာလှိုင်းကြီးအား မိမိ၏ တပည့်မများနှင့် အသိဖွဲ့ပေးရန် တောင်းပန်မည်ဟု နေရာမှထကာ ဆရာလှိုင်းရှိရာသို့ သွားမည်အပြုတွင် ခင်သန်းမြင့်က မျက်စောင်းထိုးလိုက်သောကြောင့် ခမျာ မောင်လူအေးမှာ မိမိနေရာတွင် ပြန်၍ထိုင်ကာ ပု၍ နေရှာလေသတည်း။

အတန်ကလေးကြာလျှင် ဘောလုံးပွဲကြည့်မည့်သူများ များ၍ လာလေ၏။ မောင်လူအေးနှင့် နှစ်ပေါင်းများစွာကွဲ၍နေသော မိတ်ဆွေများနှင့်လည်းတွေ့၊ အစိုးရအရာရှိအပေါင်းတို့နှင့်လည်းတွေ့၊ မိတ်ဆွေ တက္ကသိုလ်ကျောင်းသားများနှင့်လည်းတွေ့။ အားရစရာကြီး ဖြစ်နေလေတော့သည်။ တပျော်တပါး စကားပြောနှုတ်ဆက်၍ပင် မဆုံးနိုင်တော့ပြီ။ ထိုနေရာကား ဘောလုံးပွဲကြည့်သော နေရာသာမဟုတ်။ မိတ်ဆွေဟောင်းနှင့် တွေ့ကြုံရာနေရာလည်း ဖြစ်ပေ၏။

ထိုသို့ စကားကောင်းနေခိုက် တက္ကသိုလ်ကျောင်းသူတစ်စု ဝင်၍ လာကြလေသည်။ တက္ကသိုလ်ကျောင်းသားများ၏ စခန်းမှတစ်ခဲနက် လက်ခုပ်သံ၊ ဩဘာသံကြီး ပေါ်၍လာ၏။ ဆူညံ၍ သွားသတည်း။ အကြင်တက္ကသိုလ်ကျောင်းသူတို့ကား ၎င်းဩဘာသံကြီးကို ကြားသောအခါ ဝမ်းမြောက်သဘောကျကြသောကြောင့်လားမသိ ပြုံးသလိုလို ရယ်သလိုလိုနှင့်လုပ်ကာ ဝင်လာကြလေသည်။ မောင်လူအေးကား လောကီသားဖြစ်သည့်အလျောက် တက္ကသိုလ်ကျောင်းသူများဘက်သို့ လှမ်းကြည့်မိ၏။ ခင်သန်းမြင့်မမြင်။ ထို့နောက် တက္ကသိုလ်ကျောင်းသားတို့၏စခန်းမှ တစ်ခဲနက်သော အသံကြီး ပေါ်လာပြန်၏။ အဘယ်ကြောင့်ပါနည်း။ တက္ကသိုလ်ကျောင်းတိုက်ကို အုပ်ချုပ်ကာ မင်းလုပ်၍လာသော ကျောင်းအုပ်ကြီး မစ္စတာစလေ့ခ်တို့ ဇနီးမောင်နှံ ပေါက်လာကြသောကြောင့် ဖြစ်ပါသည်။ တတိယအကြိမ်မြောက် ဩဘာသံကြီး ထွက်ပေါ်လာသောအခါကျမှ ထိုညနေတွင် ဘောလုံးကစားကြရမည့် ဘောလုံးသမားများ ထွက်ပေါ်လာကြလေသတည်း။

ဘောလုံးပွဲလည်း စလေပြီ။ ဘောလုံးပွဲကြည့်သူတို့၏ စိတ်ထဲတွင်လည်း ထိတ်ခနဲ ထိတ်ခနဲ နေလေပြီ။ ဟော..ဟော… သိန်းအောင်ယူပြေးပြီ။ ကံညွှန့်ဆီသို့ ပေးလိုက်ပါတော့လား။ မောင်ဝင်းက ကျန်နေပြန်ပြီကိုး။ ကိုင်းကိုင်းကိုင်း ကန်ကွက်။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ဟာ… အော်ဆိုက်၊ နည်းနည်းကလေး အတွင်းဘက်ကျရင် နေရာကြမယ်။ ကိုင်းကွဲ့ မောင်မောင်ကလေး ယူပြေး၊ ယူပြေးမပေးနဲ့ဦး။ ဂိုးနားရောက်အောင်ယူ။ ဟုတ်ပြီ။ ဟုတ်ပြီ။ မောင်ဝင်းကို ပေးလိုက်တော့။ မင်းကန်လို့မဖြစ်ဘူး။ ကိုင်း ပေးလိုက်တော့။ ပေးလိုက်တော့။ ဟာ.. စံလင်းဆီ ရောက်သွားသကိုး။ ဟ ကံညွှန့်ကွဲ့၊ ဒါမှကံညွှန့်ကွဲ့။ ဟုတ်ပြီ ဘာရမလဲ ကံညွှန့်ကို။ ဖူးဘက်ကြီးလည်း ဖားပကော၊ ပေးလိုက်တော့။ လိုက်လာပြီ သိန်းအောင်ဘက်ကချောင်နေတယ်။ ဟာ..မောင်ဝင်းဘက် ပေးလိုက်လို့ ဘာဖြစ်မလဲ။ လူတွေပိတ်နေတာ။ ဟော…ဟော… မောင်ဝင်းဆီ ဘောလုံးရောက်သွားပြီ။ ဘယ်သူ့မှမပေးနဲ့ ယူပြေး ဟုတ်ပြီ၊ ဟုတ်ပြီ။ ဂိုးသွင်းပါတော့လား။ ကန်တော့၊ ကန်တော့ လိုက်လာပြီ။ အဲဒါမှ၊ အောင်မယ် နည်းနည်းကလေး မြင့်သွားတယ်။ ဟောဗျို၊ ဟောဗျို။ ဖရင်းဘက်က ယူပြေးပါပကော။ ဟာ…ဟာ…ဟာ ခက်ပြီ၊ ခက်ပြီ။ ဂိုးနားမှာ ဘယ်သူမှမရှိပါကလား။ ဖူးဘက်တွေ တက်လှချေကလား။ ဟော..ဟော…စောအီမာဆင် ပြေးထွက်လာပြီ။ အမယ်လေး မိပ့ါမလား။ ဟာ… ခက်ပြီ။ ဟင် (ဂိုး ဂိုး ဂိုး) ဆိုသော အသံကြီးမှာ ဂေါ်ရာများ၏ နေရာမှထွက်ပေါ်၍ လာလေသတည်း။

အထက်ပါအတိုင်း နှုတ်မှရေရွတ်ရင်း မောင်လူအေး ဘောလုံးပွဲကို ကြည့်နေပေ၏။ မိမိတို့၏ အနားတွင် ကြည့်နေကြသော လူ သုံး၊ လေးယောက်လည်း ဤနည်းအတိုင်းပင်။ ကျန်လူအပေါင်းတို့မှာ မောင်လူအေးတို့ကဲ့သို့ အသံထွက်အောင် အားမပေးကြစေကာမူ စိတ်ထဲကမူကား ရေရွတ်နေကြမည်ဖြစ်၏။ ဤသို့ ဘောလုံးပွဲ လာရောက်ကြည့်ရှုသူ နှုတ်တွင်လည်း ဟောခနဲ၊ ဟင်းခနဲ၊ ဟိုခနဲ နေလေတော့သတည်း။

မကြာမီ မောင်ဝင်း၏ခြေအစွမ်းကြောင့် ဘောလုံးမှာ ဖရင်းတို့၏ ဂိုးထဲသို့ ဝင်သွား၏။ မောင်လူအေး၏ ညာလက်လည်း နို့တစ်မပေးဘာမပေးဘဲ ခင်သန်းမြင့်၏ ပေါင်များကို ဖြောတီးလေပြီ။ ခင်သန်းမြင့်၏ ဘယ်လက်မနှင့် လက်ညှိုးတို့လည်း မောင်လူအေး၏ တင်ပါးကို လိမ်ဆွဲလိုက်ကြလေပြီ။ ဤအခါကျမှ မောင်လူအေး ငြိမ်၍သွား၏။ နောက်တစ်ကြိမ် မောင်ဝင်းက ဂိုးသွင်းပြန်လေပြီ။ ခင်သန်းမြင့်၏ ပေါင်ကို ဖြောတီးမည်ဟု လက်ကိုမလိုက်သည်တွင် ခင်သန်းမြင့်က ၎င်းလက်ကို ဖမ်းထားသဖြင့် ဖြောမတီးရဘဲ လက်ခုပ်ကိုသာ ခပ်ကြာကြာကလေး တီးလိုက်ရလေတော့သည်။

သို့နှင့် သရေပွဲဖြစ်နေလေပြီ။ မကြာမီ တက္ကသိုလ်ဘက်မှ (ပင်နယ်တီ) ရလေ၏။ မောင်ဝင်း ကန်တော့အံ့။ ဘောလုံးပွဲကြည့်သူအပေါင်းတို့၏ စိတ်ထဲတွင် မည်သို့နေမည်နည်း။ ဘောလုံးကစားနေသူတို့၏ စိတ်ထဲတွင် မည်သို့နေမည်နည်း။ မောင်ဝင်းနှင့် ဖရင်း၏ ဂိုးစောင့် ကင်ဂွမ်းတို့ စိတ်ထဲတွင်ကား ဆိုစရာမရှိတော့ပြီ။ ၎င်းတို့၏ စိတ်ထဲမှ နှစ်စက္ကန့်ခန့်ဝင်၍ ကြည့်ချင်စမ်းပါဘိ။ အသက်ပင် ရှူနိုင်ကြမည်မထင်။ ဂိုးဝင်လျှင် မောင်ဝင်းတို့ နိုင်တော့မည်။ ကင်ဂွမ်းတို့ ရှုံးတော့မည်။ ဤအချိန် ဤအခါ ကလေးကား အရေးကြီးဆုံးသောအခါ

ဘောလုံးပွဲကြီးလည်း ပြီးလုပြီ။ မည်သည့်ဘက်ကမျှ မနိုင်သေး။ သရေပွဲများ ဖြစ်လေမလား။ သရေပွဲဖြစ်လျှင် အဘယ်အကျိုးရှိတော့ အံ့နည်း။ နိုင်ရမည်။ နိုင်ရမည်။ တက္ကသိုလ်ကျောင်းက နိုင်မည်ဟု ဆီမန်းသကဲ့သို့ မောင်လူအေး မန်းလျက်နေ၏။ ဘောလုံးပွဲ ပြီးသွားမည်ကိုလည်း အစိုးရိမ်ကြီး စိုးရိမ်လျက်နေလေသည်။ မပြီးပါစေနဲ့ဦးဟူ၍လည်း ဆုတောင်းနေမိ၏။ ဖရင်းယူနီယံ ဘက်တော်သားတို့ကလည်း ဤနည်းအတိုင်းပင် သူတို့ကလည်း နိုင်လိမ့်မည် ထင်ကြသကိုး။ သို့နှင့် ဘောလုံးပွဲကြည့်သူအားလုံးမှာ အသက်ရှူမမှန် ဖြစ်နေကြလေတော့သည်။

အပေါင်းတို့ တက္ကသိုလ်ကျောင်းသားတို့အား ရေရွတ်ကာ တိတ်ဆိတ်စွာ အားပေးရင်းပင်။ ကောလိပ်ဘက်ဂိုးထဲသို့ ဘောလုံးနှစ်ကြိမ်တိုင်တိုင် ဝင်ရောက်ခစားခဲ့လေပြီ။ မောင်လူအေးလည်း ပျော်၍သွားလေပြီ။ စောစောကကဲ့သို့ ရေရွတ်ကာ အားမပေးနိုင်ရှာပေ။ များမကြာမီ အချိန်တစ်ဝက်စေ့သွားသဖြင့် ဘောလုံးသမားတို့အား အနားပေးလိုက်လေသတည်း။

ဒုတိယပိုင်းအတွက် စကစား၍ များမကြာမီအတွင်း တက္ကသိုလ်က တစ်ဂိုးသွင်းလိုက်၏။ မောင်လူအေးမှာ ဝမ်းသာလှသဖြင့် လက်ခုပ်၊ လက်ဝါးကို ပြင်းစွာတီးရုံမျှမကသေး ခင်သန်းမြင့်၏ ကျောကိုလည်း ခပ်ပြင်းပြင်းကလေး ယောင်၍တီးလိုက်သေး၏။ ခင်သန်းမြင့်၏ကျောကော့၍သွားလေသည်။ အတော်ပင် ဒေါသဖြစ်သဖြင့် မောင်လူအေး၏ တင်ပါးကို ဆိတ်ဆွဲလိုက်လေသည်။ ဤအခါကျမှ ခင်သန်းမြင့်၏ ကျောကို ထုမိကြောင်း သတိရ၍ တောင်းပန်လေတော့၏။ မောင်လူအေးချည်းသာမဟုတ် ဆရာလှိုင်းကြီးပင် ဣန္ဒြေမဆည်နိုင်။ နေရာမှထကာ လက်သီးလက်မောင်းတန်းလျက် ဩဘာပေး၏။

တက္ကသိုလ်ဘက်တော်သားတို့၏ အားပေးသော ပွဲတင်သံမျှ မရပ်သေးမီ၊ ဘောလုံးသည် ဖရင်းယူနီယံ၏ ပယောဂကြောင့် တက္ကသိုလ်ဂိုးအတွင်းသို့ ဝင်၍သွား၏။ မောင်လူအေးတို့လူစု တိတ်လျက်နေကြကုန်၏။ ဆရာလှိုင်းကြီးလည်း မှိုင်လျက်နေလေပြီ။ တပည့်မများဘက်သို့ပင် မလှည့်နိုင်ပေ။ ထို့နောက် မောင်ဝင်းတို့၏ ခြေမှာသွက်၍လာတော့၏။ အကြင်ဘောလုံးမှာ ဖရင်းယူနီယံတို့၏ ဂိုးပေါက်နားတွင်သာလျှင် ပြေးလွှားကစားလျက်နေ၏။ ဘောလုံးပွဲကြည့်သူတို့ ကလေးတည်း။ အနိုင်အရှုံးကို ဆုံးဖြတ်မည့် အခါကလေး ဖြစ်ပေသည်။ ကိုင်း.. ကန်တော့မည်။ ကန်ပြီဟု… ဂိုးထဲမဝင်၊ အပြင်ဘက်သို့ မြောက်၍ ထွက်သွားလေပြီ။ တက္ကသိုလ်ဘက်တော်သားတို့ လက်မှိုင်ချကြကုန်၏။ ဂေါ်ရာများ ရွှင်ပျကြလေသည်။

ဘောလုံးပွဲကြီးလည်း ပြီးလုပြီ။ မည်သည့်ဘက်ကမျှ မနိုင်သေး။ သရေပွဲများ ဖြစ်လေမလား။ သရေပွဲဖြစ်လျှင် အဘယ်အကျိုးရှိတော့အံ့နည်း။ နိုင်ရမည်။ နိုင်ရမည်။ တက္ကသိုလ်ကျောင်းက နိုင်မည်ဟု ဆီမန်းသကဲ့သို့ မောင်လူအေး မန်းလျက်နေ၏။ ဘောလုံးပွဲ ပြီးသွားမည်ကိုလည်း အစိုးရိမ်ကြီး စိုးရိမ်လျက်နေလေသည်။ မပြီးပါစေနဲ့ဦးဟူ၍လည်း ဆုတောင်းနေမိ၏။ ဖရင်းယူနီယံ ဘက်တော်သားတို့ကလည်း ဤနည်းအတိုင်းပင် သူတို့ကလည်း နိုင်လိမ့်မည် ထင်ကြသကိုး။ သို့နှင့် ဘောလုံးပွဲကြည့်သူအားလုံးမှာ အသက်ရှူမမှန် ဖြစ်နေကြလေတော့သည်။ နောက်ဆုံး၌ကား မောင်မောင်ကလေးက ဘောလုံးကို ယူ၍ပြေး၏။ ဂိုးရှေ့သို့ ပတ်၍ ကန်လိုက်၏။ သိန်းအောင်က ဖြတ်၍ ဂိုးသွင်းလိုက်၏။ ဂိုး… ဟူသော အသံကြီးမှာ ကောင်းကင်ယံသို့ ဟိန်း၍ တက်သွားသတည်း။

တက္ကသိုလ်က နိုင်လေပြီ။ ဘောလုံးပွဲ ပြီးရန်ကိုသာ မောင်လူအေးတို့ ဆုတောင်းနေကြကုန်၏။ မောင်လူအေးတို့ ဆုတောင်းသောကြောင့်ပေလား၊ အချိန်စေ့သွားသောကြောင့်ပေလား။ မကြာမီ ဘောလုံးပွဲကြီး ပြီးလေသတည်း။ မောင်လူအေးတို့ ဝမ်းမြောက်၍ မဆုံးတော့ပြီ။ ။

ဩဂုတ်လ ၁၉၃၅။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

# Determiners (နာမ်ညွှန်းကိန်းများ)

1.Articles
2.Demonstratives
3.Possessives
4.Quantifiers
5.Numbers
6. Distributives
7.Interrogatives




## Articles

**Definite**

"the"

နာမ်တစ်လုံးကို အတိအကျဖော်ပြရာတွင် the ကိုသုံးရသည်။ ဖော်ပြပြီးသော နာမ်ကို ဒုတိယအကြိမ်ဖော်ပြသည့်အခါ the ကိုသုံးသည်။

e.g. I have a cat. (ပထမအကြိမ် ဖော်ပြ)

The cat is white. (ဖော်ပြပြီးသောနာမ်ကိုနောက်တစ်ကြိမ် ဖော်ပြ)

**Indefinite**

"a", "an"

နာမ်တစ်လုံးကို ပထမအကြိမ်ဖော်ပြရာတွင် "a" , "an" ကို သုံးရသည်။ "အ"အသံမထွက်ရင် a ကိုသုံးရပြီး "အ" အသံထွက်ရင် an ကိုသုံးရသည်။

e.g. A boy is swimming.

There is an umbrella at the corner of the room.

Determiner + Noun

Article + Noun

(a/an/the + Noun)

Determiner + Noun ဆိုတာ article + noun ဖြစ်ပါတယ်။ article + noun ဆိုတာ a/an/the + noun ပုံစံဖြစ်ပါတယ်။

## Demonstratives

Demonstratives ဆိုတာ this, that, these, those တို့ပဲဖြစ်ပါတယ်။ သူတို့ကို နာမ်တစ်လုံးရဲ့တည်နေရာကို ဖော်ပြရာမှာ သုံးပါတယ်။

**This (အနီး၊ အနည်းကိန်း)** – ကိုယ့်ရဲ့အနီးတစ်ဝိုက်မှာရှိတဲ့ နာမ်အနည်းကိန်းတွေကို ညွှန်ပြပြောဆိုတဲ့အခါမှာ သုံးပါတယ်။

**That (အဝေး၊ အနည်းကိန်း)** – ကိုယ့်ရဲ့အနီးတစ်ဝိုက်မှာ မဟုတ်ဘဲ ဝေးကွာတဲ့နေရာမှာရှိတဲ့ နာမ်အနည်းကိန်းတွေကို ညွှန်ပြပြောဆိုတဲ့အခါမှာ သုံးပါတယ်။

**These (အနီး၊ အများကိန်း)** – ကိုယ့်ရဲ့အနီးတစ်ဝိုက်မှာရှိတဲ့ နာမ်အများကိန်းတွေကို ညွှန်ပြပြောဆိုတဲ့အခါမှာ သုံးပါတယ်။

**Those (အဝေး၊ အများကိန်း)** – ကိုယ့်ရဲ့အဝေးတစ်နေရာမှာရှိတဲ့ နာမ်အများကိန်းတွေကို ညွှန်ပြပြောဆိုတဲ့အခါမှာ သုံးပါတယ်။

e.g. This book is mine. (ဒီစာအုပ်သည် ကျွန်တော့်စာအုပ်ဖြစ်သည်။)

e.g. That bicycle was very useful. (ဟိုစက်ဘီးသည် အလွန်အသုံးဝင်သည်။)

e.g. These umbrellas are mine. (ဒီထီးများသည် ကျွန်တော့်ထီးများဖြစ်သည်။)

e.g. Those books are yours. (ဟိုစာအုပ်တွေသည် သင့်စာအုပ်များဖြစ်သည်။)




### Demonstrative Determiner

အညွှန်းနာမ်တစ်လုံးကို နာမ်နှင့်ယှဉ်တွဲဖော်ပြရပြီး အဆိုပါနာမ်၏ အရှေ့တွင် ထားရေးရသည်။

e.g. This car, These books, That house, Those students … etc.

### Demonstrative Pronoun

အညွှန်းနာမ်စားတစ်လုံးကို နာမ်၏နေရာတွင် အစားထိုးအသုံးပြုနိုင်သည်။

e.g. This is your car. That is his house. These are my books. Those are birds.

မှတ်ရန်။ နာမ်နှင့်ယှဉ်တွဲဖော်ပြထားရင် အညွှန်းနာမ် (Demonstrative Determiner) ဖြစ်ပြီး နာမ်၏နေရာတွင် အစားထိုးအသုံးပြုထားရင် အညွှန်းနာမ်စား (Demonstrative Pronoun) ဟု မှတ်သားပါ။

e.g. These cars are really expensive. (အညွှန်းနာမ် Demonstrative Determiner)

e.g. These are really expensive. (အညွှန်းနာမ်စား Demonstrative Pronoun)

## Possessives

နာမ်တစ်လုံး (သို့မဟုတ်) နာမ်များကို ဘယ်သူဘယ်ဝါ ပိုင်ဆိုင်ကြောင်း ဖော်ပြရာတွင် Possessives များကို အသုံးပြုရသည်။

Possessives: my, his, her, its, our, your, their

Determiner + Noun

Possessive + Noun

my, his, her, its, our, your, their + noun

e.g. Her father is a writer. (Her သည် Possessive determiner ဖြစ်ပါတယ်။)

e.g. Their school is a big building. (Their သည် Possessive determiner ဖြစ်ပါတယ်။)

မှတ်ရန်။ Possessive Determiner ဆိုရင် my, his, her, its, our, your, their + Noun ပုံစံဖြစ်ပြီးတော့ Possessive Pronoun ဆိုရင် mine, his, hers, its, ours, yours, theirs ပုံစံဖြစ်ပါတယ်။

e.g. Her mother is beautiful but mine is more beautiful. (Her သည် Possessive Determiner ဖြစ်ပြီးတော့ mine သည် Possessive Pronoun ဖြစ်ပါတယ်။)

မှတ်ရန်။ ပိုင်ဆိုင်မှုပြနာမ်ညွှန်းကိန်းများ (Possessive Determiners) ကို ပိုင်ဆိုင်မှုပြနာမဝိသေသန (Possessive Adjectives) ဟုလည်း ခေါ်နိုင်ပါတယ်။

## Quantifiers

**(အရေအတွက်နှင့်ပမာဏပြ နာမ်ညွှန်းကိန်းများ)**

နာမ်တစ်လုံး၏ အရေအတွက် (သို့မဟုတ်) ပမာဏကို ပြသရာတွင် Quantifiers များကို သုံးရသည်။

Quantifiers များမှာ some, any, many, much, a few, few, a lot of, lots of, little, a little, enough တို့ဖြစ်ပါတယ်။

အဆိုပါနာမ်ညွှန်းကိန်းတွေထဲက အချို့သည် ရေတွက်လို့ရသည့်နာမ်များနှင့်သာ တွဲသုံးရသည်။ အချို့သည် ရေတွက်လို့မရသည့် နာမ်များနှင့်သာ တွဲသုံးရသည်။ အချို့သည် ရေတွက်လို့ရသည့်နာမ်နှင့်ရော ရေတွက်လို့မရသည့် နာမ်နှင့်ပါ တွဲပြီးအသုံးပြုနိုင်သည်။

Determiner + Noun

Quantifier + Noun

Some, any, many, much, a few, … + noun

ဘယ်ညွှန်းကိန်းတွေက ရေတွက်လို့ရတဲ့နာမ်တွေနဲ့တွဲသုံးရသလဲ၊ ဘယ်ညွှန်းကိန်းတွေကို ရေတွက်လို့မရတဲ့နာမ်တွေနဲ့တွဲသုံးနိုင်သလဲ၊ ဘယ်ညွှန်းကိန်းတွေက နှစ်ခုစလုံးနဲ့ပါ တွဲပြီးအသုံးပြုနိုင်သလဲဆိုတာ လေ့လာကြည့်ပါ။

| Countable Noun | Uncountable Noun | Countable and Uncountable Noun |
|---|---|---|
| Many | less | some |
| A few/ few | little/ a little | any |
| Several | much | enough |
| A number of | a large amount of | a lot of/ lots of |
| A majority of | | |

**Quantifier + Countable Noun (ရေတွက်လို့ရတဲ့နာမ်တွေနဲ့တွဲသုံးတဲ့ နာမ်ညွှန်းကိန်းများ)**

**(1) Many + Plural countable nouns (များပြားသော + ရေလို့ရနာမ်)**

e.g. How many books did he buy?

He read many books last three years.

There are not many books left.

**(2)A few/ few + Plural countable nouns (အနည်းငယ် + ရေလို့ရနာမ်)**

a few – အနည်းငယ်။ ရှိတဲ့အရေအတွက်က နည်းပေမယ့် လုံလောက်မှုရှိတယ်။

few – အနည်းငယ်။ ရှိတဲ့အရေအတွက်က နည်းတယ်။ လုံလောက်မှုမရှိဘူး။ (မရှိသဘောဆောင်တယ်။)

e.g. There are a few people at the party. (ပါတီပွဲမှာ လူအနည်းငယ်ရှိတယ်။)

There are few people at the party. (ပါတီပွဲမှာ လူမရှိသလောက်နည်းတယ်။ ရှိကိုမရှိဘူးလို့ပြောတာ။)

**(3) Several + Plural countable nouns (များပြားသော + ရေလို့ရနာမ်အများကိန်း)**


e.g. Several students passed the exam.

**(4) A number of + Plural countable nouns (အရေအတွက် (တော်တော်များများ) + ရေလို့ရနာမ်အများကိန်း)**

e.g. A number of people are happy to hear the good news.

**(5) A majority of + Plural countable nouns (အရေအတွက် (အများအပြား) + ရေလို့ရနာမ် အများကိန်း)**

e.g. A majority of people came to the party yesterday.




**Quantifier + uncountable Noun (ရေတွက်လို့မရတဲ့နာမ်တွေနဲ့တွဲသုံးတဲ့ နာမ်ညွှန်းကိန်းများ)**

**(1) Little/ a little + uncountable nouns (အနည်းငယ် + ရေတွက်လို့မရနာမ်)**

A little – ပမာဏမများပေမယ့် လုံလောက်တဲ့သဘောရှိတယ်။

Little – ပမာဏများများမရှိ။ လုံလောက်တဲ့သဘောမရှိ (မရှိသဘောဆောင်တယ်။)

e.g. We had a little rice to cook. (ဆန်အနည်းငယ်ရှိတယ်။ လုံလောက်သေးတယ်။)

We had little rice to cook. (ဆန်မရှိသလောက် နည်းတယ်။ မရှိသဘောဆောင်တယ်။)

**(2) Much + uncountable nouns (များပြားသော + ရေလို့မရနာမ် (ပမာဏပြ))**

e.g. How much oil is there in the bottle?

We did not have much money.

They have much rice.

**(3) A large amount of + uncountable Nouns (များပြားသော + ရေလို့မရနာမ် (ပမာဏပြ))**

e.g. I fortunately got a large amount of money.

ရေလို့ရသည့်နာမ်နှင့်ရေလို့မရသည့်နာမ်နှစ်ခုစလုံးတွဲသုံးသည့် အရေအတွက်နှင့် ပမာဏပြနာမ်ညွှန်းကိန်းများကို ဆက်လက်လေ့လာပါ။

စာမျက်နှာ ၁၉ သို့ ❖

❖စာမျက်နှာ ၁၈ မှ

Quantifiers with countable nouns (or) uncountable noun

(1)Some + Plural countable noun & uncountable nouns (အချို့၊ အနည်းငယ် + ရေလို့ရနာမ်/ရေလို့မရနာမ်)

ရေလို့ရနာမ်များနှင့်ယှဉ်တွဲအသုံးပြုပုံ

e.g. I have some fruits.

Some oranges are in the basket.

ရေလို့မရနာမ်များနှင့် ယှဉ်တွဲအသုံးပြုပုံ

Will you give me some water?

Would you like some water?

မှတ်ရန်။ some ကို ရိုးရိုးဝါကျ၊ မေးခွန်းဝါကျနှင့် ကမ်းလှမ်းမှုပြုလုပ်တဲ့ဝါကျများကို ပြောဆိုရေးသားရာတွင် သုံးရသည်။

(2) Any + Plural countable Noun & uncountable noun (အချို့၊ အနည်းငယ် + ရေလို့ရနာမ် / ရေလို့မရနာမ်)

e.g. Have you got any pens?

I have not got any pens.

Do you have any information?

I don't have any information?

• Any ကို အငြင်းဝါကျနဲ့မေးခွန်းဝါကျများတွင် သုံးရသည်။ (မရှိသဘောဆောင်တယ်။)

e.g. Do you have some money? (မင်းမှာ ပိုက်ဆံရှိတယ်မလား။)

Do you have any money? (မင်းမှာ ပိုက်ဆံမရှိဘူးမလား။)

(3) Enough + Plural countable noun & uncountable noun (လုံလောက်သော + ရေလို့ရနာမ်အများကိန်း/ ရေလို့မရနာမ်)

e.g. We have enough rice.

Do you have enough oil?

We don't have enough salt.

Do you have enough money to buy this?

(4) A lot of / lots of + Plural countable noun & uncountable noun (အမြောက်အမြား + ရေလို့ရနာမ်/ ရေလို့မရနာမ်)

e.g. There are a lot of books here.

There are lots of books here.

e.g. There is a lot of water.

There is lots of water.

မှတ်ရန်။ a lot of/ lots of တို့ကို Positive sentence (ရိုးရိုးဝါကျ) များတွင်သာ အသုံးပြုရသည်။ အငြင်းဝါကျနဲ့ အမေးဝါကျများတွင် မသုံးရပါ။


## Distributive (ခွဲဝေမှုပြနာမ်ညွှန်းကိန်းများ)

Distributive determiners ဆိုတာ all, both, half, either, neither, each, every တို့ဖြစ်ပါတယ်။

Determiner + Noun

Distributive + Noun

all, both, half, either, neither, each, every + Noun




(1) Each/ every – တစ်ခုစီ၊ တစ်ယောက်စီ/ လူတိုင်း

e.g. Each student wants to pass the examination.

(ကျောင်းသားတစ်ယောက်စီက စာမေးပွဲအောင်မြင်ချင်ကြတယ်။)

e.g. Every student wants to pass the examination.

(ကျောင်းသားတိုင်း စာမေးပွဲအောင်မြင်ချင်ကြတယ်။)

အထက်က ဥပမာနှစ်ခုလုံးမှာ Each student/ every student လို့ရေးထားပေမယ့် အဓိပ္ပာယ်တွေ အတူတူပဲဖြစ်ပါတယ်။

(2) Both – နှစ်ခုစလုံး၊ နှစ်ယောက်စလုံး

e.g. Both boys are talkative.

(ယောကျ်ားလေးနှစ်ယောက်စလုံး စကားသိပ်များတာပဲ။)

e.g. Both of the boys are talkative. (လိုလည်း ရေးလို့ရပါတယ်။)

(3) Either – နှစ်ယောက်ထဲက တစ်ယောက်၊ နှစ်ခုထဲက တစ်ခု

e.g. Either boy is eager to play games. (ကောင်လေးနှစ်ယောက်အနက် တစ်ယောက်ကတော့ ဂိမ်းကစားဖို့ စိတ်အားထက်သန်ပါတယ်။)

(4) Neither – နှစ်ခုစလုံးမဟုတ်၊ နှစ်ယောက်စလုံးမဟုတ်

e.g. Neither boy is keen to do it.

(ဘယ်တစ်ယောက်ကမှ အဲဒါကိုလုပ်ဖို့ စိတ်မပါဘူး။)

e.g. You can have neither ice-cream nor juice.

(ရေခဲမုန့်ရော ဖျော်ရည်ကိုပါ စားသောက်ခွင့်မရှိဘူး။)

(5) Half – အရေအတွက်၊ ပမာဏတစ်ခုရဲ့ ထက်ဝက်ခန့်

Half ကို a, an, the, a demonstrative, or a possessive adjective တွေပါတဲ့ နာမ်တွေနဲ့ ယှဉ်တွဲသုံးရပါတယ်။

e.g. Half the students have already left.

(ကျောင်းသားထက်ဝက်လောက် သွားနှင့်ပြီ။)

I wasted half my money.

(ပိုက်ဆံထက်ဝက်ခန့် သုံးခဲ့တယ်။)

They found half these old books in the library.

(ဒီစာအုပ်အဟောင်းထက်ဝက်ခန့်ကို စာကြည့်တိုက်မှာ တွေ့ခဲ့တယ်။)

I had half a cup of coffee.

(ကော်ဖီထက်ဝက်ခန့်လောက် သောက်ခဲ့တယ်။)

မှတ်ရန်။ half / half of အတူတူပဲဖြစ်ပါတယ်။


(6) All – အားလုံး

e.g. All students want to pass the examination.

We have eaten all cookies.

All the people on the train were happy.

## Numbers (ကိန်းဂဏန်းအရေအတွက်များ)






Numbers

| Cardinal | Ordinal |
|---|---|
| One | first |
| Two | second |
| Three | third |
| Four | fourth |
| Five | fifth |

(1) Cardinal numbers (မူလကိန်းဂဏန်းများ(one, two, three ...))

e.g. He bought ten rulers.

My two brothers are Zaw Lay and Nay Min.

(2) Ordinal numbers (အစဉ်ပြကိန်း (First, second, third...) )


e.g. She got first prize.

I bought fourth book.

မှတ်ရန်။ မူလကိန်းနှင့် အစဉ်ပြကိန်းတို့ကို ယှဉ်တွဲရေးသားရာတွင် အစဉ်ပြကိန်းကို မူလကိန်းအရှေ့တွင် ထားရေးရသည်။

e.g. The first three prizes went to them.

## Interrogatives (အမေးနာမ်ညွှန်းကိန်းများ)




Interrogatives အမေးနာမ်ညွှန်းကိန်းဆိုတာ what, which, whose တို့ဖြစ်ပါတယ်။

Determiner + Noun

Interrogative + Noun

What/ which/ whose + Noun

What

What food do you like?

Whose

Whose books are these?

Which

Which restaurant did you go to?

မှတ်ရန်။ Interrogative determiner အဖြစ်အသုံးပြုပါက what/ which/ whose အနောက်တွင် နာမ်ကိုကပ်ရေးရသည်။ Interrogative pronoun အဖြစ်အသုံးပြုပါက what/ which/ whose အနောက်တွင် နာမ်ကို ကပ်ရေးစရာမလိုပါ။

e.g. What food do you want? (Interrogative determiner)

What do you want? (Interrogative pronoun)

Determiners နာမ်ညွှန်းကိန်းများ အကြောင်းကို ဒီလောက်နားလည်သဘောပေါက်ပြီဆိုရင် လေ့ကျင့်ခန်းများ ဖြေဆိုကြည့်ပါ။

လေ့ကျင့်ခန်းများဖြေဆိုပါ။

(A) Choose the right word.

1. Could you bring me ____(this, that, these, those)____ books I left in the garden?
2. ___ (a, an, the)___ sun rises from the east.
3. The doctor advised me to eat ___(a, an, the)___ apple every morning.
4. There aren't __(much, many, a lot)__ students in the library.
5. I haven't got ____ (some, any, many)___ pictures in my bedroom.
6. She gave a cookie to __(any, all, each)___ child.
7. I've got to solve __ (any, some, all)___ math problems before I go to sleep.
8. (With a bowl of cherries on your lap) __(this, that, these, those)___ cherries are delicious!
9. My mother doesn't drink ___ (much, many, a lot)___ coffee.
10. I always keep ___ (any, every, some)___ money in my wallet for emergencies.

(B) Complete the sentences with some/any.

1. I don't have _____ change for my bus ticket.
2. Oh no, have you forgotten your wallet? Would you like to borrow _____ money?
3. I'm not sure - are there _____ nice restaurants in this area?
4. I'm sorry I don't have _____ cash on me.
5. There are _____ great money saving apps online.
6. I haven't got _____ cash for the carpark - do you have _____ coins I can use?

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**ရွှေရီဝင်းပွဲရုံ**

**အသက်(၈၉)နှစ်**

နေပြည်တော်နေ(ဦးခိုင်ညွန့်)၏ ချစ်လှစွာသောဇနီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုး တို့၏ ကျေးဇူးရှင်မိခင်ဖြစ်သူ ဒေါ်မြမြ အသက်(၈၉)နှစ်သည် ၁၃-၅-၂၀၂၂ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဇနီး ဒေါ်စိုးယဉ်မြင့်**
**အလုပ်သမားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**အသက်(၈၉)နှစ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့အင်အားဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**အသက်(၈၉)နှစ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**အသက်(၈၉)နှစ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သီ**

**အုပ်စုမှူး (ပ) (ငြိမ်း)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပခုက္ကူမြို့**

**အသက်(၇၆)နှစ်**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း၊ အသင်းဝင်နှင့် ကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဦးအောင်သီ (ပခုက္ကူမြို့)သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ချမ်းမြေ့မေတ္တာအထူးကုဆေးခန်းတွင် ၁၁-၅-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၅ နာရီ တွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂)လမ်း(အထက်)၊ အမှတ်(၄၄၅)ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ ရှေ့မှ (မျက်နှာမူလျှင်) လက်ဝဲဘက်၊ ခေါင်းရင်းခြမ်း၊ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း (၁၈ပေx၅၅ပေ)ရှိ နေအိမ်တိုက်ခန်းနှင့် ယင်းနေအိမ်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအား လက်ရှိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီရိမောင်[၁၂/ဥကတ(နိုင်)၁၆၁၃၇၉]ကိုင်ဆောင်ထားသူနှင့် ဒေါ်ချယ်ရီမောင် [၁၂/ဥကတ(နိုင်)၁၆၃၂၆၅] ကိုင်ဆောင်ထားသူနှစ်ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းနိုင်ကျော် [၁၄/ဟခန(နိုင်)၀၃၀၆၁၁]ကိုင်ဆောင်ထားသူက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းနိုင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၃၅၆၆၈**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**အသက်(၈၉)နှစ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ဝန်ကြီးရုံး**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**အသက်(၈၉)နှစ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြ**

**အသက်(၈၉)နှစ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးတင်မောင်ရွှေ**

**အသက်(၈၇)နှစ်**

တောင်ကြီးမြို့၊ ဦးကြီးခမ်းရပ်ကွက်၊ ဒေစီလမ်း၊ အမှတ်(ည/၅၂)နေ (ဒေါ်အေးပို)၏ခင်ပွန်း၊ ဦးကိုကြီး (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ က.ည.န)-ဒေါ်အေးအေးမြင့်ရွှေ (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ က.ည.န)၊ (ဦးစန်းမြင့်)-ဒေါ်မူမူမြင့်၊ (ဦးတင်ဝင်း)-ဒေါ်ဝါဝါရွှေ (အထက်တန်းပြ-ငြိမ်း)၊ ဦးကျော်ကျော်မျိုး-ဒေါ်ထွေးထွေးမြင့်၊ ဒေါက်တာနီနီမြင့်၊ ဦးသာထူး-ဒေါ်သီသီမြင့်၊ ဦးစန်းဦး-ဒေါ်တင်မိုးသူ(Kabar Su Trading Co.Ltd/S&0 Car Rental Service)တို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၂၂(ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၂(စနေနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၂ (တနင်္လာနေ့)နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်.ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (A-၁၅၇)၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ ဦးခမ်းအောင်(ဘ) ဦးတင်ဦး[၁၂/ကမရ(နိုင်)၀၂၁၉၉၆] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးခမ်းအောင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၆၃၄/၂၀၂၂)၊(၁၅-၂-၂၀၂၂)ရရှိထားသူ ဦးမြထွေး(ခ)မိုးအောင်(ဘ) ဦးမြသန်း[၁၁/အမန(နိုင်)၀၂၈၇၆၅]မှ ဒေါ်ကြေးမုံဝင်း(ဘ) ဦးစိန်လွင်[၉/စကန (နိုင်)၀၅၃၃၉၉] နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ စိန္တာမဏိလမ်း၊ မြေကွက်အမှတ်(၃၀၆)ဟုခေါ်တွင် သော (အလျားပေ ၄၀xအနံပေ ၆၀) အကျယ်အဝန်းရှိ ဦးဖိုးဆိတ်(TTN-၁၀၆၉၆၅)အမည်ပေါက် ပါမစ်မြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၃၀၅)နှင့် ကပ်လျက်ဘက်ခြမ်း(အလျားပေ ၂၀ x အနံပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်နှင်းဇာဒွေး [၁၂/မဂတ(နိုင်)၀၈၀၅၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)(LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph:09-954280932** | **LL.B,D.B.L,D.I.L,D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-977402677** |

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မြမြ**

**ရွှေရီဝင်းပွဲရုံ**

**အသက်(၈၉)နှစ်**

နေပြည်တော်နေ (ဦးအုန်းရွှေ-ဒေါ်ဖွားစိန်)တို့၏ သမီး၊ (ဦးစံရဲ-ဒေါ်ဖွားမယ်)တို့၏သမီးချွေးမ၊ (ဦးခိုင်ညွန့်)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းညွန့်၊ ဦးမြသွေး-ဒေါ်ရီရီမြင့် (ရွှေရီဝင်းပွဲရုံ)၊ ဦးခင်ရီ (ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)-ဒေါ်ခင်မေစိုး၊ ဦးခိုင်ထွန်းဦး၊ ဦးခိုင်သန်းဦး၊ ဒေါ်စောမြခိုင်၊ ဒေါ်ယဉ်မင်းခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မခင်မျိုးမြတ်စိုး၊ မောင်ထက်ရန်နိုင်စိုး-မဖူးပွင့်ဝသန်၊ မမေဖူးပွင့်စိုး၊ မောင်မင်းသစ်လွင်တို့၏ ချစ်လှစွာသောအဘွား၊ မောင်မင်းထက်တည်ကြည်၏ အဘွားသည် ၁၃-၅-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၅-၅-၂၀၂၂ (တနင်္ဂနွေနေ့)တွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူဖြူဆွေ (ခ) ဒေါ်ဖြူဖြူအောင်

**အထက်တန်းပြ (ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၆၉၂)နေ (ဦးအောင်မြင့်)-ဒေါ်ခင်သစ်တို့၏သမီး၊ (ဦးလှမောင်-ဒေါ်ခင်တင့်)တို့၏ သမီးချွေးမ၊ [ဦးခင်ဇော်-(ဌာနမှူး၊ MPPE)]၏ ချစ်လှစွာသောဇနီး၊ ကိုမျိုးမြတ်ထွန်း-မမေခိုင်ဇော်၊ ကိုပြည့်ဖြိုးအောင်၊ မဆုဝေထွန်းတို့၏ ချစ်လှစွာသော မိခင်သည် ၁၀-၅-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃:၄၀ နာရီတွင် GRAND HANTHA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/သပြေကုန်း၊ မြေကွက်အမှတ်(S-035)၊ ဧရိယာ (၀.၂၂၉) ဧကရှိ ဦးကျော်ထွန်းနိုင်၊ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၂၅/၂၀၂၂)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးစိုးမြင့်သန်း (ဘ) ဦးတင်စိုး[၇/အတန(နိုင်)၀၇၉၇၅၁]မှ ဒေါ်ဂျေမာမင်း (ဘ)ဦးရဲဝင်း[၁၀/သဖရ(နိုင်)၁၂၈၂၁၁]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဥတု**
**ရာသီ**
**တောကို**
**မှီ၏**

YESC

မလိုအပ်သော မီးချောင်း၊ မီးလုံးများကို ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ဓာတ်အားကို ချွေတာသင့်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော့်ရဲ့ အမျိုးသားရေးရည်မှန်းချက် ၂ ခုရှိပါတယ်။**

**၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး**

**၂။ တိုင်းပြည် စားရေရိက္ခာပေါများရေးတို့ ဖြစ်ပါတယ်။**

**ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်းလူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။**

**မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင်မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။**

**တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်သူလူထုရဲ့စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ

**PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်မှုများကြောင့် ပုလဲမြို့ မြသိန်းတန်ကျောင်းတိုက်ရှိ ကိုရင် တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာရ**

စာမျက်နှာ » ၁၀

**မြို့နယ်အချို့၌ နိုင်ငံ့ဝန်ထမ်းအချို့ကို လက်နက်ကိုင်အကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်**

စာမျက်နှာ » ၁၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၅



မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း လက်ရှိချန်ပီယံ ဗီယက်နမ်ကို ရှုံးနိမ့်

ရန်ကုန် မေ ၁၃

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)စတုတ္ထနေ့ကို မေ ၁၃ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ○

## ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်း သရေကျ

ရန်ကုန် မေ ၁၃

ဗီယက်နမ်နိုင်ငံ၌ ကျင်းပနေသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ကို မေ ၁၃ ရက်က ဆက်လက်ကျင်းပသည်။

**နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်**

ဒုတိယနေ့တွင် ထိုင်းအသင်းနှင့် မြန်မာအသင်း တစ်ဂိုးစီ သရေကျပြီး စင်ကာပူအသင်းက လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(ခ)၏ အသင်းကြီးနှစ်သင်း တွေ့ဆုံမှုမှာ အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ဖြစ်ပြီး သရေကျခဲ့သဖြင့် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

### (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၂၂ | ၁၃ | ၂၃ | ၅၈ |
| မလေးရှား | ၁၁ | ၅ | ၁၃ | ၂၉ |
| အင်ဒိုနီးရှား | ၆ | ၉ | ၂ | ၁၇ |
| ထိုင်း | ၅ | ၆ | ၁၈ | ၂၉ |
| ဖိလစ်ပိုင် | ၃ | ၉ | ၁၂ | ၂၄ |
| စင်ကာပူ | ၂ | ၆ | ၇ | ၁၅ |
| မြန်မာ | ၂ | ၁ | ၅ | ၈ |
| ကမ္ဘောဒီးယား | ၁ | ၁ | ၄ | ၆ |
| လာအို | ၀ | ၁ | ၃ | ၄ |
| ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |